# ရေးလာတဲ့ပေးစာ

## အယ်ဒီတာခင်ဗျား ...

ကျနော် သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းကပါ၊ မေလထုတ် ဂွၼ်းခေါ် စာစောင်အမှတ် ၂၃၃ ပါ ထိုင်းနိုင်ငံချင်းမိုင်ခရိုင်ထဲမှာ သျှမ်းဒုက္ခသည်များကို သျှမ်းလူမှုရေးအသင်းတစ်သင်းက ကဒ်တမျိုး ထုတ်ပေးတဲ့အကြောင်းပါလာတာဖတ်ရပါတယ်။ ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်ကဒ်ပြားတွေအမျိုးမျိုးအနက်ကွန်ဟိန်းကကျနော့်သူငယ်ချင်း တွေကတော့ RTLER ဆိုတဲ့ ဘတ် ၅၀ တန်ကဒ်ပြားကိုစိတ်ဝင်စား ကြတယ်။ ဘာလို့လဲဆိုတော့ ထိုင်းကပြန်လာတဲ့ တစ်ချို့လူတွေလည်း ပြောကြတယ်"*ဒီ RTLER ကဒ်ပြားနဲ့ ထိုင်းနိုင်ငံအတွင်းခရီးသွား လာလို့ရတယ်။ အလုပ်လိုက်လျှောက်လို့လွယ်တယ်၊ သက်ဆိုင်ရာ ထိုင်းအာဏာပိုင်တွေ ဘာမှစစ်ဆေးမေးမြန်းတာမရှိဘူး*"လို့ လာပြောနေကြတော့ ကျနော့်သူငယ်ချင်းတွေကလည်း "*သျှမ်းပြည်၊ ဗမာပြည်မှာနေလည်း ငါတို့ကို စစ်အစိုးရက နိုင်ငံသားအဖြစ်အသိ အမှတ်မပြုချင်ဘူး၊ ပြောတော့ အမျိုးသားမှတ်ပုံတင်တဲ့၊ ကဒ်မှာရေး ထားတာကျတော့ နိုင်ငံသားစီစစ်ရေးကဒ်ပြားဆိုတော့ စီစစ်နေတုန်း လို့ အဓိပ္ပာယ်ရတယ်၊ ဒီတော့ စီစစ်ဆဲကဒ်ပြား ကိုင်နေမဲ့အစား ထိုင်း မှာလည်း နေထိုင်လို့ရတယ်၊ ငါတို့ကို သျှမ်းအဖြစ်အသိအမှတ် ပြုတဲ့ဒီ RTLER ကဒ်ဘဲလိုချင်တယ်*" စသည်ဖြင့် တစ်ယောက်တမျိုး ပြောနေ ကြတယ်။ တချို့ဆိုရင်ဒီနေ့ဘဲထိုင်းဘက်သွားပြီး RTLER ကဒ်သွား လုပ်တော့မလို့။ တစ်ယောက်ကပြောတယ် "*သူတို့ပြောတဲ့ အတိုင်း အခွင့်အရေးတွေရှိတယ်ဆိုရင် ဘတ် ၅၀ မကဘူး ဘတ် ၁၀၀၀ လည်း ပေးမှာဘဲ*"တဲ့။တခြားမြို့တွေမပါသေးဘူး၊ ကျနော်တို့ကွန်ဟိန်းကချည်း RTLER ကဒ်လုပ်ဖို့ စာရင်းပေးထားတာ အယောက် ၁၀၀ နီးနီးရှိပြီ။

ကျနော် ဂွၼ်းခေါ် စာစောင်ကို အသေအချာဖတ်ကြည့်တော့ အဲဒီ RTLER ကဒ်က ထိုင်းအာဏာပိုင်တွေ အသိအမှတ်မပြုဘူး။ ပြီးတော့ အဲဒီကဒ်အောက်ခြေစာကြောင်းမှာ "*ကဒ်ကိုင် ဆောင်သူမှ အမှုအခင်းဖြစ်လာပါက အဖွဲ့အစည်းမှတာဝန်မယူပါ*" လို့လည်းရေး တာတခုတည်းကပဲ အများထင်နေ၊ ပြောနေတဲ့အတိုင်း လုံးဝမဖြစ်နိုင် ဘူးလို့ ကျနော်ထင်တယ်။ အခု RTLER အသင်းဝင် အရေအတွက် သိပ်မများသေးတာတောင်မှ ထိုင်းလုံခြုံရေးအရာရှိကသတိပေးနေပြီလို့ ကြားရတယ်။ အခုတလော ထိုင်းနိုင်ငံရေးက မငြိမ်မသက်ဖြစ်နေတဲ့ အထဲ အသင်းဝင်အရေအတွက် သောင်းချီသိန်းချီ ရှိမှ "*တရားမဝင် ဘူး၊ အရေးယူမယ်* " ဆိုရင်တော့ သျှမ်းတွေ ပြည်ပျောက်နေတဲ့အထဲ တွေးတောင်မတွေးရဲတော့ဘူးဗျာ။ ပြဿနာ မကြီးထွားခင် ထိုင်းမှာနေ ကြတဲ့သျှမ်းပြည်သူတွေကို ဂွၼ်းခေါ် ကတဆင့်သတိပေးစေလိုပါတယ်။

**စိုင်းဝဏ္ဏ (ကွန်ဟိန်း)၂၁၅၊၂၀၀၇**

## အယ်ဒီတာ ခင်ဗျား ...

ယခုပေးပို့လိုက်တဲ့စာမှာ အပတ်စဉ်ကြာသပတေးနေ့တိုင်း ရွာသူကြီးတွေက သက်ဆိုင်ရာမိမိတို့ရပ်ကွက်သူရပ်ကွက်သားတွေကို ရပ်ကွက်ကျေးရွာအတွင်းစွန့်ပစ်ထားတဲ့ ပလတ်စတစ်အိတ်တွေ လိုက်ကောက်ဖို့ဆော်ဩပေးရမယ်လို့ဆိုတယ်။ သူကြီးကိုယ်တိုင် အဲဒီ ပလတ်စတစ်အမှိုက်အိတ်တွေ ရပ်ကွက်ရုံးအရောက် အသီးသီး သွား ရောက်အပ်နှံရမယ်လို့ ရပ်ကွက်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီက ညွှန်ကြားစာပေးပို့လာပါတယ်။ ကျနော်တို့ အမြင်မှာ အစိုးရ အုပ်ချုပ်ရေးအဆင့်ဟာ သူတောင်းစားသာသာပဲ ရှိတော့ တယ်။ ဒီလုပ်ရပ်ဟာ သူတို့ယတြာချေတာဖြစ်ကြောင်း၊ မြန်မာ က ကြာသပတေးနာမ်ဖြစ်သလို၊ပလတ်စတိတ်လဲ ကြာသပတေးနာမ်၊ သွားပို့ခိုင်းတဲ့ရက်ကလည်း ကြာသပတေးနေ့ဆိုတော့ အရင် အုပ်ချုပ် သူတွေသေကုန်ပြီ၊ မီးရှို့ပစ်လိုက်ပြီ ဆိုတဲ့အဓိပ္ပါယ်ကောက်သလို နောက်တမျိုးက သူတို့ဂြိုလ်ဇာတာ ပြန်တက်အောင် ပြည်သူတွေ ကူညီမြှောက်ပေးတာ ဆိုတဲ့သဘောနဲ့ ခုလိုလုပ်တာဖြစ်ကြောင်း ပြည်သူတွေကြားမှာ ဝေဖန်ပြောဆိုနေကြတာကို ကြားနေရပါတယ်။

**ကျိုင်းတုံသားတစ်ဦး**


ရပ်ကွက် အေး ချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ
အမှတ် ( ) ရပ်ကွက် ၊ ကျိုင်းတုံ မြို့
စာအမှတ်၊ ၁ / ၁၇-၀၆၆/ ဦး ၆
ရက်စွဲ ၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်

(နယ်မြေမှူး)
ရပ်

အကြောင်းအရာ။ ပလတ်စတစ်အမှိုက်များ ရှင်းလင်း ပေး ပို့ရန်ကိစ္စ

အဖွဲ့ဝင်
အမှတ်(၁)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ကျိုင်းတုံမြို့

# အခြေခံမူ ၁၀၄ ချက် နဲ့ ငြိမ်းချမ်းရေး ၁၃ ဖွဲ့

## စောဘဦးကြီး နဲ့ ဦးဝင်းတင်

ဂါမဏိ

နဝတ ဟာ အမျိုးသားညီလာခံဆိုတာကို ၁၉၉၃ ခု ဇန်နဝါရီလမှာ စလုပ်ခဲ့ပြီး "ဦးတည်ချက် (၆)ရပ်" အပေါ်ကနေ အခြေခံဥပဒေဆွဲဖို့အခြေခံမူတွေချမယ်လို့ဆိုခဲ့ပါတယ်။ ၁၉၉၆ မတ်လမှာ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းအရလုပ်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အဓိက တိုင်းရင်းသားနိုင်ငံရေးပါတီတွေ ပြတ်ပြတ်သားသားတောင်းဆိုလာတဲ့အခါ နဝတရဲ့အမျိုးသားညီလာခံဆိုတာကြီးဟာ ရပ်ပျက်ဆင်းပျက်သွက်ချာပါဒလိုက်သွားပါတော့တယ်။

ဒီလိုနဲ့ ဥပဒေမဲ့ ဆက်အုပ်ချုပ်ရင်း ဒီပဲယင်း မင်းမဲ့ဝါဒအဆင့်ထိရောက်လာတဲ့နောက် စစ်အုပ်စုဟာ ပြည်တွင်းပြည်ပဖိအားတွေလျော့ပါးအောင် အာရုံလွှဲတဲ့အနေနဲ့ လမ်းပျက်မြေပုံ ၇ ဆင့်ကို ၂၀၀၃ ခု ဩဂုတ်လမှာကြော်ငြာထုတ်ပြီး ၂၀၀၄ မေလမှာ အမျိုးသားညီလာခံဆိုတာကို ပြန်ဖုတ်သွင်းခဲ့ပါတယ်။ ဒီညီလာခံဟာ နအဖ စိတ်တိုင်းကျဆွဲထားတဲ့အခြေခံမူ(၁၀၄)ချက်ကိုဘဲ ကြက်မွေးသပ်–ဖုံသုတ်ပေးဖို့ဖြစ်ပါတယ်။

**နအဖ စစ်အုပ်စုကို ထိပ်တိုက်ရင်မဆိုင်တော့ဘဲ အသိ အမှတ်ပြုဆက်ဆံပြီးတောင်းခံခဲ့တဲ့ (၁၃)ဖွဲ့ရဲ့အခြေခံဥပဒေမူတွေကို အတိုချုပ်ကြည့်ရင် ...**

**(က) ထပ်တူဥပဒေပြုခွင့်၊**

**(ခ) ကြွင်းကျန်အာဏာကို ဥပဒေပြုခွင့်၊**

**(ဂ) ကာကွယ်ရေးနှင့်လုံခြုံရေး ဥပဒေပြုခွင့်၊**

**(ဃ) "တိုင်းရင်းသားရေးရာကဏ္ဍ"ကို သီးခြားကဏ္ဍအဖြစ် ထပ်မံထည့်သွင်းပေးရေး၊**

**(င) တိုင်းရင်းသားစာပေကို ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခွင့်၊**

**(စ) တိုင်းရင်းသား ဓလေ့ထုံးစံများကို ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခွင့်၊**

**(ဆ) ပြည်နယ်–တိုင်းအလိုက် သီးခြား အခြေခံ ဥပဒေရေးဆွဲဆောင်ရွက်ခွင့်၊**

**စတာတွေဖြစ်တယ်။ ရလဒ်ကတော့ တောင်းသမျှတခုမှ မရခဲ့ပါဘူး။**

ဒါပေမဲ့ ၂၀၀၄ ဇွန်လမှာတော့ နအဖ နဲ့အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၃)ဖွဲ့ဟာ သမိုင်းတွင်တဲ့ **"ဆွေးနွေးအကြံပြုချက်စာတမ်း"**ကို ညီလာခံမှာတင်ခဲ့ပါတယ်။ ဒါဟာ ၁၉၄၇ မှာတခါ၊ ၁၉၆၁ –၁၉၆၂ မှာတခါ၊ ဗမာပြည်တိုင်းရင်းသားတွေ တန်းတူအခွင့်အရေးတောင်းဆိုလှုပ်ရှားခဲ့ကြတဲ့ သမိုင်းမှတ်တိုင်တွေနောက်ပိုင်း တတိယမြောက်မှတ်တိုင်ကြီးဖြစ်ပါတယ်။ ဒီ (၁၃)ဖွဲ့ အပြင် အင်အားအကြီးဆုံးအပစ်ရပ်အဖွဲ့ဖြစ်တဲ့ ဝ အဖွဲ့အပါအဝင်(၃)ဖွဲ့ကလည်း(၁၃)ဖွဲ့နဲ့ သိပ်မကွာတဲ့အကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံမှာ တင်ခဲ့ပါသေးတယ်။

မြေအောက် (သို့မဟုတ်) ပြည်ပရောက်အတိုက်အခံလောကမှာလဲ ၁၉၉၂ ဇူလိုင်လ မာနယ်ပလောစာချုပ်၊ ၁၉၉၇ ဇန်နဝါရီ မယ်သရောထ ကြေညာချက်၊ ၁၉၉၈ ဒီဇင်ဘာ သူမွဲကလိုး သဘောတူညီချက်ဆိုတဲ့ သမိုင်းဝင်သဘောတူညီချက်တွေရှိပေမဲ့ စောစောက ပြောတဲ့မြေပေါ်ဥပဒေတွင်းက အတိအလင်းချမှတ်တောင်းဆိုတာတွေနဲ့ တော့အရေးပါမှုချင်းယှဉ်လို့မရပါဘူး။ ဒီထဲမှာ မယ်သရောထ ကြေညာချက်ကတော့ တရားဝင်ဥပဒေတွင်းက အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကပါပြောင်ထောက်ခံလိုက်လို့ပင်လုံနီးနီးအဆင့်ရသွားခဲ့ပါတယ်။



Photo : Manager

(၁၃)ဖွဲ့စာတမ်းနဲ့ (၃)ဖွဲ့စာတမ်းတွေဟာ တိုင်းရင်းသားအခွင့်အရေးအတွက် ပြတ်ပြတ်သားသားလက်နက်ကိုင် တော်လှန်ရေးနည်းနဲ့ နှစ်ပေါင်း သုံး–လေးဆယ် တိုက်ပွဲဝင်ခဲ့ရာကပျော့ပျောင်းမှုခေါင်းမဖော်မှုပြတဲ့အနေနဲ့ လက်နက်ကိုင်မတိုက်တော့ဘဲ တိုင်းရင်းသားအခွင့်အရေးတွေကို မဟာပညာကျော်တွေ ပြောနေသလို ငြိမ်းချမ်းတဲ့နည်းနဲ့ အပေးအယူလုပ်စေ့စပ်ညှိနှိုင်းယူဖို့လမ်းဖောက်ခဲ့ကြတဲ့တိုင်းရင်းသားအဖွဲ့တွေရဲ့ **"အလွန့်အလွန်ပျော့ပျောင်းတဲ့"** တင်ပြချက်တွေ ဖြစ်ပါတယ်။

အလွန့်အလွန်ပျော့ပျောင်းတယ်လို့ ဆိုရတဲ့အကြောင်းကတော့ နဝတ–နအဖ ရဲ့ ညီလာခံဦးတည်ချက် (၆)ရပ်၊ တနည်းအားဖြင့် တပ်မတော်ဆိုတဲ့ဟာရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကိုလဲ ငြင်းချက်မထုတ်၊ အစိမ်းဝတ် အစိတ်သားပါလီမန်ကိုလည်း လက်ခံ၊ စစ်သမတ– စစ်ဝန်ကြီးသတ်မှတ်ချက်၊ စစ်တပ်က အချိန်မရွေး မာရှယ်လော ထုတ်ခွင့်တွေ

ကိုပါ အားလုံးလက်ခံထားပြီး တိုင်းရင်းသားဒေသ အခွင့်အရေးသန့်သန့်ကိုသာတင်ပြထားတာဖြစ်ပါတယ်။ဒီကနေ့ပညာကျော်တွေ၊ တချို့သောတိုင်းရင်းသား ပညာယိုကြီးတွေ၊ တတိယအင်အားစုဆိုတာတွေဟောပြောညွှန်ကြားနေတာတွေနဲ့ယှဉ်ကြည့်ရင် တထပ်တည်း လို့တောင်ပြောလို့ရပါတယ်။ အေးလွင်တို့၊ ဒေါက်တာစိုးလင်းတို့၊ (မင်္ဂလာဒုံ)ကြည်ဝင်းတို့၊ ငှားမင်းဆွေတို့ ပြောနေတဲ့အတိုင်း ဒို့အရင်ဒေါက်တာဇာနည်တို့၊ အပြင်ဘက်က တခြားဟား(စရာ)ဘတ်(ကီး)ကျောင်းတော်ကြီးဆင်း ပညာရှင်တွေပို့ချတဲ့အတိုင်း ချော့မြှူခဲ့တာဖြစ်ပါတယ်။


Photo : website

**စောဘဦးကြီးမှု (၄)ချက် (၁၉၄၉)**

**၁) လက်နက်ချစကား အလျှဉ်းမပြောရ၊**

**၂) ကရင့်လက်နက် ကရင့်လက်ထဲရှိရမည်၊**

**၃) ကရင်ပြည် အသိအမှတပြုခြင်း ပြီးပြည့်စုံစေရမည်၊**

**၄) ကရင့်ကံကြမ္မာ ကရင်ဖန်တီးရမည်၊**

ဒ့ါအပြင် ငြိမ်းချမ်းရေး(၁၃)ဖွဲ့စာတမ်းမှာ (၈)ပြည်နယ် ကိုလဲ မတောင်းဆို၊ ဗမာပြည်နယ်ဖွဲ့စည်းရေးလဲမပါ၊ ဖက်ဒရယ်လဲ တခွန်းမှ မပြောပါ။ “**ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ**” မစစ်တဲ့ “**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု**” နာမည်ကိုဘဲ လက်ခံထားပါတယ်။ ၁၉၄၇၊ ၁၉၆၁–၆၂ တို့မှာ တိုင်းရင်းသားတွေတင်ခဲ့တာနဲ့ယှဉ်ကြည့်ရင် ဘယ်လိုမှမမှီဘဲ ရေအများကြီးရောထားတာလဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာ နအဖ ဥပဒေဘောင်ထဲက အပစ်ရပ်လက်နက်ကိုင်တိုင်းရင်းသားတွေစုပေါင်းပြီး လက်ရှိအစိုးရရဲ့ ‘**တရားဝင်**’ အခြေခံဥပဒေဆိုင်ရာ ညီလာခံကို တရားဝင်တင်တာဖြစ်လို့ သမိုင်းမှတ်တိုင်ဖြစ်သွားခဲ့ပါတယ်။

၂၀၀၆ ခု ဖေဖော်ဝါရီ (၁၂)ရက်တုံးက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကမ်းလှမ်းခဲ့တဲ့ လွှတ်တော်ခေါ်ပေးရင် ဒီဂျူရီအစိုးရအဖြစ် ကာလတခု အသိအမှတ်ပြုပေးမယ်ဆိုတဲ့အဆင့်တောင် မဟုတ်ဘဲ (၁၃)ဖွဲ့ဟာဇဝခုရွေးကောက်ပွဲရလဒ်တွေကိုလုံးဝစွန့်ပယ်ထားပါတယ်။ ဒေါ်အောင်ဆန်းစု ကြည်အခန်းကဏ္ဍကိုလဲ လုံးဝလျစ်လျူပြု၊ ဒီမိုကရေစီ စစ်,မစစ်လဲ နှာစီးထားပေးတယ်။ လမ်းပြမြေပုံကိုလည်း (၇)ဆင့်စလုံး ဘာမှအငြင်းပွားမထားပါဘူး။

ကာကွယ်ရေးနဲ့ လုံခြုံရေး၊ နိုင်ငံခြားရေးတို့ကတော့ စစ်ဝါဒီအာဏာရှင်တွေ နည်းနည်းမှအထိမခံနိုင်တဲ့နယ်ပယ်တွေဖြစ်လို့ တိုင်းရင်းသားပြည်နယ်တွေကို ထပ်တူဥပဒေပြုခွင့်သော်လည်းကောင်း၊ သီးသန့်ဥပဒေပြုခွင့်သော်လည်းကောင်း မပေးတာနားလည်ယူလို့ရနိုင်ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားတွေနေရာကကြည့်ရင် ကိုယ့်ပြည်နယ်တွင်းမှာ ရဲ အလုပ်၊ ပြည်သူ့စစ်အလုပ်တောင် လုပ်ခွင့်မရတဲ့အခြေအနေ၊ နယ်ခြားဖြတ်ခွင့်၊ နယ်ခြားဆက်ဆံခွင့်၊ ကူးသန်းရောင်းဝယ်ခွင့်တောင်မရတဲ့အခြေအနေဖြစ်ပါတယ်။ ဒါမျိုးကအရင်တုံးကနယ်ချဲ့နိုင်ငံကြီးတွေကကိုလိုနီနယ်တွေအပေါ် ကန့်သတ်ခဲ့တဲ့ပုံစံမျိုးဖြစ်နေပါတယ်။ အပစ်အခတ်ရပ်စဲရေး တိုင်းရင်းသားတပ်ဖွဲ့တွေနဲ့ပတ်သက်လို့ အဆင်ပြေအောင်ကြည့်စီစဉ်ပေးပါ့မယ်လို့ ဗိုလ်ခင်ညွန့်ကရော၊ ဗိုလ်မောင်အေးကပါ ငြိမ်းအဖွဲ့တချို့ကို ချွေးသိပ်ခဲ့ပေမဲ့ တရားဝင်ဥပဒေနဲ့ ပြဋ္ဌာန်းခွင့်ပေးမှာမဟုတ်ဘဲ အလွန်ဆုံး ကာလပိုင်းပေါ်လစီ၊ ပုဂ္ဂိုလ်ရေးပေါ်လစီအရ၊ သို့မဟုတ် အထက်ဌာန (ဗဟို)ခွင့်ပြုပေးသနားချက်အရသာ လုပ်ရမယ့်သဘောဖြစ်ပါတယ်။ တရားဝင်ဥပဒေပြဋ္ဌာန်းထားတာကိုတောင် အတိအလင်းဆွဲဆုတ်ပစ်တဲ့ စစ်အုပ်စုလက်အောက်မှာ ဥပဒေနဲ့အာမ,မခံတဲ့စကား သို့မဟုတ် ပေါ်လစီကို ဘယ်လောက်ယုံရမှာလဲ။

ဒါဖြင့်ရင် တခြားဘဏ္ဍာရေးနဲ့စီမံကိန်း၊ စီးပွားရေး၊ စိုက်ပျိုး–မွေးမြူရေး၊ စွမ်းအင်–လျှပ်စစ်–သစ်တော၊ စက်မှုလက်မှု၊ ပို့ဆက်လူမှုရေး၊ စီမံ၊ တရားရေးကဏ္ဍတွေမှာ ထပ်တူဥပဒေပြုခွင့် တောင်းတာကို လုံးဝမပေးတာ ဘယ်လိုနားလည်ရမလဲ။

(၁၃)ဖွဲ့ ထပ်တူဥပဒေပြုခွင့်တောင်းတာက ပြည်နယ်တွေ ဘဏ်လုပ်ငန်းလုပ်ခွင့်၊ ကုန်သွယ်လုပ်ငန်းခွန်–အကောက်ခွန် ကောက်ခွင့်၊ အောင်ဘာလေထီဖွင့်ခွင့်၊ ကျွန်းမှအပ သစ်မာအခွန်ကောက်ခွင့်၊ စစ်တမ်းကောက်ခွင့်၊ စာရင်း စစ်ခွင့်၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းလုပ်ခွင့်၊ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးထုတ်လုပ်ခွင့်၊ ပင်လယ်ငါးလုပ်ငန်း လုပ်ခွင့်၊ မြေယာစီမံခန့်ခွဲခွင့်၊ မြေလွတ်–မြေလပ်–မြေရိုင်းဖော်ထုတ်ခွင့်၊ စက်မှုလက်ယာနဲ့ စိုက်ပျိုးရေးသုသေသနလုပ်ခွင့်၊ သင်္ဘောဆောက်လုပ်–ပြင်ဆင်ခွင့်၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခွင့် စတဲ့ စီးပွားရေးဆိုင်ရာဥပဒေပြုခွင့်တွေဖြစ်တယ်။ ဒါတွေကို နအဖ က လုံးဝမပေးပါဘူး။

လူမှုရေးဆိုင်ရာထပ်တူဥပဒေပြုခွင့်တောင်းတာက စာတိုက်–ကြေးနန်း–တယ်လီဖုန်း–ဖက်(စ်)–အီးမေးလ်–အင်တာနက်–အင်ထရာနက်လုပ်ခွင့်၊ သတင်းစာ–ရုပ်မြင်သံကြား–ဂြိုလ်တုဆက်သွယ်ရေး–အသံလွှင့် အသံဖမ်းလုပ်ခွင့်၊ မီးသတ်အဖွဲ့–မီးဘေး သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ခွင့်၊ ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ခွင့်၊ ကလေး–လူငယ်–အမျိုးသမီး–မသန်မစွမ်း–သက်ကြီးရွယ်အို– အခြေ အနေမဲ့–ခိုကိုးရာမဲ့များ စောင့်ရှောက်ခွင့်၊ အင်ဂျီအို လုပ်ငန်း

လုပ်ခွင့်တွေကိုတောင်းပါတယ်။ ဒါတွေလဲနအဖကတချက်မှမပေးပါဘူး။

အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ထပ်တူဥပဒေပြုခွင့်တောင်းတာက အထွေထွေအုပ်ချုပ်ရေးလုပ်ခွင့်၊ အသင်းအဖွဲ့လုပ်ငန်းများလုပ်ခွင့်၊ သန်းခေါင်စာရင်းကောက်ခွင့်၊ ယုံမှတ်အပ်နှံကိစ္စ–အမွေကိစ္စ–အုပ်ထိန်းကိစ္စ–ပစ္စည်းလွှဲပြောင်းကိစ္စလုပ်ခွင့်၊ တရားစီရင်ရေးမှာ သီးခြားသက်သာခွင့်ပေးခွင့်၊ ကြွင်းကျန်အာဏာ ထပ်တူဥပဒေပြုခွင့်တွေတောင်းပါတယ်။ ဒါ့အပြင် ပြည်နယ်ဘတ်ဂျက်ကို ပြည်နယ်လွှတ်တော်သဘောတူညီချက်ရယူပြီးမှ (ပြည်ထောင်စု) ဘဏ္ဍာရေးကော်မရှင်သို့တင်ပြခွင့်လဲ တောင်းပါတယ်။ တခုမှမရပါဘူး။

ပြည်နယ်တွေကဘဲ လုံးဝရာနှုန်းပြည့်ဥပဒေပြုခွင့်ပေးဖို့တောင်းတာက နယ်စပ်ကုန်သွယ်ရေးလုပ်ခွင့်၊ အလတ်စားရေအားလျှပ်စစ်



Photo : Website

ဦးဝင်းတင် နိုး (၃)နိုး (၂၀၀၇)

၁) No နိုး အစိတ်သားပါလီမန် လုံးဝလက်မခံ၊

၂) No နိုး ချော့မြှူရေးဝါဒ လုံးဝလက်မခံ၊

၃) No နိုး လုံးဝခေါင်းမညွှတ် ဒူးမထောက်၊

လုပ်ခွင့်၊ သတ္တုတွင်း–ကျောက်တွင်းလုပ်ခွင့်၊ ရတနာပြပွဲလုပ်ခွင့်၊ သစ်တောစိုက်ခင်းလုပ်ခွင့်၊ ဘရဆေးပင်စိုက်ပျိုးခွင့်၊ တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းခွင့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခွင့်၊ သဘာဝဓာတ်ငွေ့ လုပ်ခွင့်၊ အလတ်စားနဲ့ အသေးစားစက်မှုလုပ်ငန်းလုပ်ခွင့်၊ စက်မှုဇုံတည်ထောင်ခွင့်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ခွင့်၊ ရေလမ်းထိန်းသိမ်းပြုပြင်ခွင့်၊ ပြည်တွင်းယာဉ်လိုင်းကိုင်တွယ်ခွင့်၊ ကိုယ်ပိုင်ကျောင်းလုပ်ခွင့်၊ ပုဂ္ဂလိကနဲ့ကုသိုလ်ဖြစ်ဆေးရုံ–ဆေးခန်းလုပ်ခွင့်၊ တိုင်းရင်းသား ဘာသာစကား–စာပေ–အနုပညာထိန်းသိမ်းခွင့်၊ရွာမြေ–မြို့မြေ စီမံခန့်ခွဲခွင့်၊ အိမ်ငှားမြေငှားကိစ္စကိုင်တွယ်ခွင့်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ခွင့်၊ ပြည်နယ်အတွင်း ဝန်ထမ်းရာထူးခန့်ထားခွင့်၊ တိုင်းရင်းသားလူမျိုးစုရေးရာများဥပဒေပြုခွင့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မဆန့်ကျင်တဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းခွင့်တွေ တောင်းတော့လဲဘာမှမရပါဘူး။ ဒါကိုမှ မဟာလူမျိုးကြီးဝါဒ၊ အကြွင်းမဲ့အာဏာရှင်ဝါဒ မခေါ်ရင် ဘာကိုခေါ်ရတော့မှာလဲ။

ဝ၊ ကိုးကန့်၊ အထူး–၄ (၃)ဖွဲ့ကလည်း ပြည်နယ်တွေမှာ ပြည်ထောင်စုဥပဒေနဲ့ မဆန့်ကျင်သရွေ့ တိုင်းရင်းသားဓလေ့ထုံးတမ်းဥပဒေများနဲ့အညီ စီရင်ဆုံးဖြတ်ကျင့်သုံးခွင့်၊ **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ"** ဒေသတွေမှာ အထက်က(၁၃)ဖွဲ့ တောင်းတဲ့အခွင့်အရေးတွေကို တောင်းခဲ့ပါတယ်။ (၁၃)ဖွဲ့ရဲ့ ပို့ဆောင်–ဆက်သွယ်ရေးကဏ္ဍ တောင်းဆိုချက်တွေအားလုံးကို ထောက်ခံခဲ့တယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို ပြည်နယ်–တိုင်း လက်အောက်မှာမထားဘဲ ဗဟိုကတိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေတွေအဖြစ် သတ်မှတ်ဖို့လဲ တင်ပြခဲ့တယ်။

ဒီနေရာမှာ ပြောချင်တာက (၁၃)ဖွဲ့နဲ့ (၃)ဖွဲ့တောင်းတဲ့ ထပ်တူဥပဒေပြုခွင့်တွေ၊ သီးသန့်ဥပဒေပြုခွင့်တွေဟာ ပြည်နယ်တွေကိုသာပေးဖို့တောင်းတာမဟုတ်ဘဲ ဗမာလူမျိုးတွေအဓိကနေတဲ့ တိုင်းတွေကိုပါပေးဖို့လဲပါပါတယ်။ သဘောကတော့ ပြည်နယ်ရှိတဲ့တိုင်းရင်းသားလူမျိုးတမျိုးအတွက် အခွင့်အရေးတခုရတိုင်း တိုင်း (၇)ခုရှိတဲ့ ဗမာလူမျိုးအတွက် အခွင့်အရေး (၇)ခု အလိုလိုရဖို့ဖြစ်ပါတယ်။ ဒီလောက်အထိ တိုင်းရင်းသားတွေက လိုက်လျောထားတာပါ။

နအဖကတော့ တိုင်းရင်းသားပြည်နယ်တွေကို ဒါတွေတခုမှမပေးပါဘူး။ နအဖ ပြောတာက (၁၃)ဖွဲ့တို့၊ (၃)ဖွဲ့တို့ တောင်းနေတဲ့ အချက်တချို့ (စီးပွားရေးကိစ္စများ) ဟာ လက်ရှိပေးထားလို့ ငြိမ်းအဖွဲ့တွေ ဆောင်ရွက်ခွင့်ရနေတာတွေဖြစ်ပါသတဲ့။ ဒါကို ဒီအတိုင်း ဆက်လုပ်ခွင့်ပေးသွားမှာပါတဲ့။ ဒါပေမဲ့ ပြည်နယ်တွေကို ဒီကိစ္စတွေ ဥပဒေ ပြဋ္ဌာန်းခွင့်မပေးရင် ဘာအာမခံချက်ရှိမှာလဲ။ ပြည်နယ်ရဲ့ ရပိုင်ခွင့်မဟုတ်ဘဲ အထက်ကပေးသနားထားတာကို (အထက်) ဗဟိုအစိုးရကကြိုက်တဲ့အချိန်ကြိုက်တဲ့နည်းနဲ့ ဖျက်သိမ်းပိတ်ပစ်လို့ရတယ်ဆိုတာ မဆလ–နဝတ–နအဖ သက်တမ်းတလျှောက် ရာဇဝင်အထင်အရှားရှိထားပါတယ်။တခြားနအဖအကြောင်းပြချက်တွေကတော့လူမျိုးကြီးဝါဒသမားတွေ ပေးလေ့ရှိတဲ့ ထုံးမခြားနားဆင်ခြေဆင်လက်တွေသာ ဖြစ်ပါတယ်။

နအဖ ပေးတာကတော့ *ပြည်နယ်လွှတ်တော်က အာဏာမပိုင်တဲ့* ပြည်နယ်ဘတ်ဂျက်ဆွဲခွင့်၊ မြေခွန်၊ ရေခွန်၊ မြူနီစီပယ်ခွန်၊ ယစ်မျိုးခွန်၊ ကျွန်းနဲ့သစ်မာမပါတဲ့သစ်ခွန်၊ အပေါင်ဆိုင်လုပ်ငန်း၊ ဗဟိုကခွင့်ပြုတဲ့ ပြည်နယ်တွင်းစီးပွားရေး–ကူးသန်းရောင်းဝယ်ရေး–သမဝါယမ–ဆည်မြောင်း–တာတမံ–ရေအားလျှပ်စစ်–စက်မှုလုပ်ငန်း–ဆိပ်ကမ်း–လမ်းတံတား–တိုင်းရင်းဆေး–ယဉ်ကျေးမှုပြတိုက်၊ ပြည်နယ်တွင်းယာဉ်လိုင်း၊ အိမ်တွင်းစက်မှု၊ ကုန်တင်ကုန်ချ၊ ဆားလုပ်ငန်း၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ ရေချိုငါးလုပ်ငန်း၊ ကျောက်သွေး–ကျောက်ဖြတ်၊ ထင်းစိုက်ခင်း၊ တိရိစ္ဆာန်ရုံ၊ ရုပ်ရှင်–ဗွီဒီယိုရုံ၊ ပန်းချီပြပွဲတို့ ဘဲဖြစ်ပါတယ်။ (တချိန်က ဗကပ လက်နက်ချ ဗိုလ်သက်ထွန်းကို တိရစ္ဆာန်ရုံ ညွှန်ကြားရေးမှူးခန့်ခဲ့တာ သတိရစရာပါဘဲ)

တပြည်ထောင်စနစ် ထိုင်းနိုင်ငံမှာတောင် ပြည်နယ်တိုင်း၊ ခရိုင်တိုင်း၊ မြို့တိုင်း ကိုယ်ပိုင်မီဒီယာလုပ်ငန်းတွေလုပ်ခွင့်ရှိပေမဲ့ နအဖရဲ့ပြည်ထောင်စုမှာတော့ ပြည်နယ်တွေ တိုင်းတွေ လုပ်ခွင့်မရှိပါဘူး။ ဥပဒေအရမဟုတ်ဘဲ အထက်ပုဂ္ဂိုလ်ကြီးများသဘောနဲ့သာ စီးတီးအက်ဖ်အမ်တို့၊ မန်းမြို့တော်အက်ဖ်အမ်တို့ လုပ်ခွင့်ရတာဖြစ်ပါတယ်။

ဒီတော့ စောဘဦးကြီး မူ (၄)ချက်ကို ပြင်–ဖျက်လိုက်ရင် ဘာဖြစ်မလဲဆိုတာ မိမိတို့အဖွဲ့တွေကိုယ်စီကိုယ်စီရဲ့ မူ (၄)ချက်တွေ စွန့်ပြီး ညောင်နှစ်ပင်တက်တဲ့ တိုင်းရင်းသားအဖွဲ့တွေ တင်တာနဲ့ ရတာကိုသာကြည့်ပါတော့။ရှည်ရှည်ဝေးဝေးပြောစရာမလိုပါ။ ပြည်နယ်ပြီး ပြည့်စုံရေး၊ မိမိကြမ္မာမိမိဖန်တီးရေးဟာ ခေတ်နဲ့မကိုက်ညီတော့ဘဲ စစ်အာဏာရှင်စနစ်ပြီးပြည့်စုံရေး၊ မိမိကြမ္မာ စစ်အာဏာရှင်က ဖန်တီးရေးက ခေတ်နဲ့ကိုက်ညီနေသလား။ ဦးနုရဲ့ ပါလီမန်ဒီမိုကရေစီ ခေတ်မှာတောင်ကိုက်ညီခဲ့တဲ့ မူ (၄)ချက်ဟာ အခုစစ်အာဏာရှင် ခေတ်မှာ မကိုက်ညီဘူးဆိုတာ ဘယ်လိုမှနားမလည်နိုင်စရာပါဘဲ။

နအဖ က စောရွှေမောင် (ခေါ် ) ထိန်မောင် (ခေါ် ) ထင်မောင်ကို လက်နက်မချခိုင်းပါဘူးလို့ ဆိုပါသတဲ့။ ဒါကြောင့် စောဘဦးကြီးရဲ့ နံပတ် (၁) နဲ့ (၂)မူ တွေကို တောင်းနေစရာမလိုတော့ဘူး လို့လဲပြောသံကြားရပါတယ်။ ဒါပေမဲ့ (၁၃)ဖွဲ့ နဲ့ (၃)ဖွဲ့က ဒေသလုံခြုံရေးတပ် သို့မဟုတ် ပြည်သူ့စစ် သို့မဟုတ် ပြည်နယ်ပုလိပ် ဥပဒေပြုခွင့် တောင်းတာတောင် နအဖ ကမပေးပါဘူး။ ဒီမူ (၄)ချက်ဟာ ဒီနေ့ခေတ်နဲ့ မကိုက်ညီတော့လို့ ဖျက်သိမ်းလိုက်မယ်၊ ပြင်ဆင်လိုက်မယ်ဆိုရင်တော့ အစားထိုးစရာ (၁၀၄)ချက်ဘဲ ရှိတယ်ဆိုတာကို (၁၃)ဖွဲ့က ပြလိုက်ပါပြီ။ အဲဒီတော့ ဒီ (၁၀၄) ချက် သို့မဟုတ် မဟာလူမျိုးကြီးဝါဒနဲ့ အကြွင်းမဲ့ အာဏာရှင်ဝါဒကတိုင်းရင်းသားတွေအတွက်ခေတ်နဲ့ကိုက်ညီသလား။ ပုံမှန်ဦးနှောက်ရှိသူတိုင်းလွယ်လွယ်လေးစဉ်းစားလို့ရပါတယ်။

ဒီလို ညောင်နှစ်ပင်ရောက် (၁၃)ဖွဲ့နမူနာ၊ (၃)ဖွဲ့ နမူနာတွေအရ စောဘဦးကြီးမူ (၄)ရပ်ဟာ ကရင်တွေအတွက်တင်မကဘဲ ဒီမိုကရေစီနဲ့ လွတ်လပ်မှုလိုလားတဲ့ ဗမာအပါအဝင်ကျန်တိုင်းရင်းသားအားလုံးအတွက်ပါ ထာဝရမှန်ကန်နေမယ့်မူတွေဖြစ်ပြီး စောဘဦးကြီးရဲ့ မူ (၄)ရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အတွင်းရေးမှူး–၁ ဦးဝင်းတင်ရဲ့ ရပ်တည်ချက်မူတွေဖြစ်တဲ့ နိုး(၃)နိုးနဲ့ အခိုင်အခန့်အားဖြည့်ရေးဟာ ဒီကနေ့ခေတ်နဲ့ကိုက်ညီတဲ့ တမျိုးသားလုံးရဲ့ အခြေခံမှုဖြစ်ပါတော့တယ်။ ❑

# ၄၉ နှစ်မြောက် သျှမ်းပြည်လက်နက်ကိုင်တော်လှန်ရေး အခမ်းအနား

မေလ ၂၁ ရက်နေ့သည် သျှမ်းပြည်အမျိုးသား လက်နက်ကိုင်တော်လှန်ရေးပေါ်ပေါက်လာသည့် ၄၉ နှစ်မြောက် အခါသမယ၌ သျှမ်းပြည်တပ်မတော် **SSA** လွယ်တိုင်းလျန်းဌာနချုပ်တွင် အခမ်းအနားတရပ်ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီဥက္ကဌ ဗိုလ်မှူးကြီးယွက်ဆစ် အမှာစကားပြောကြားရာ၌ "ကျွန်ုပ်တို့သျှမ်းပြည်၏ နိုင်ငံ၊ အမျိုး၊ ဘာသာ၊ သာသနာအပေါ် နယ်ချဲ့မဟာဗမာစစ်အုပ်စုက လာရောက်ဖိနှိပ်ချုပ်ချယ်သတ်ဖြတ်ညှဉ်းပန်းကာလူ့အခွင့်အရေးချိုးဖောက်နေသည်မှာ နှစ်ပေါင်း ၅၀ ပြည့်တော့မည်ဖြစ်သည်။ ကျွန်ုပ်တို့သျှမ်းပြည်တပ်မတော်သားများသည် သျှမ်းပြည်သူ များ၏ ရင်သွေးများဖြစ်သည့်အလျောက် ဆုံးရှုံးနေသော အမိသျှမ်းပြည်၏ အခွင့်အရေးများ မရမချင်း လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲသွားမည်ဖြစ်သည်။ သျှမ်းပြည်မျိုးချစ်တပ်မတော်ကို ပြည်သူလူထုမှ မျှော်လင့်အားထားကြသဖြင့် ***SSA*** အရာရှိ၊ အရာခံအကြပ်တပ်သားများ လက်နက်အားကိုးဖြင့် ပြည်သူလူထုအပေါ် ခေါင်းပုံဖြတ်ဖိနှိပ် အနိုင်ကျင့်မှုများ လုံးဝရှောင်ရှားရန်သတိပေးလိုသည်။ ရဟန်းသံဃာများလည်း ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို ဦးထိပ်ပန်ဆင်ကာ သျှမ်းပြည်သူ၊ ပြည်သားများမှီခိုအားထားနိုင်စေရန် ကူညီဖေးမသွားကြစေလိုကြောင်း၊ သျှမ်းပြည်နိုင်ငံရေးသမား၊ မျိုးချစ်ပြည်ချစ် တော်လှန်ရေးသမားများအား အထူးတိုက်တွန်းမှာကြားလိုသည်မှာ မိမိတို့သည် မည်သူ့အတွက်အလုပ်လုပ်နေသည်၊ မိမိ၏ရန်သူမည်သူဖြစ်သည် ဆိုသည်ကိုမမေ့လျော့ဘဲ သတိ၊ ဝီရိယရှိရှိကြိုးပမ်းသွားစေလို ကြောင်း" တိုက်တွန်းပြောကြားသွားပါသည်။

**RRCSS / SSA** ခေါင်းဆောင် ဗိုလ်မှူးကြီးယွက်စစ် မိန့်ခွန်းပြောကြားပြီးနောက် **RCSS** အတိုင်ပင်ခံကောင်စီဥက္ကဌ (ယခင် **SURA** စဝ်ကွမ်းဇိမ်း ၏ကိုယ်ရေးအရာရှိဟောင်း) စဝ်ပိုင်းမိန်း၊ မျိုးချစ်ရဟန်းသံဃာတော်တစ်ပါးနှင့် လူထုကိုယ်စားလှယ် ဦးဝမ်းလျဲန်း တို့ကလည်း အသီးသီးမိန့်ခွန်းချွေခဲ့ကြပါသည်။



Photo : SHAN

သျှမ်းပြည်ကိုနယ်ချဲ့ကျူးကျော်ခဲ့သော ဗမာစစ်အစိုးရ၏ လက်ကိုင်တုတ်စစ်တပ်အား တော်လှန်မောင်းထုတ်ရန် ၁၉၅၈ မေလ ၂၁ ရက်နေ့က စောနွဲ့ ခေါ် စောယန္ဒမှုဦးဆောင်ပြီး သျှမ်းပြည်မျိုးချစ်ရဲဘော် ၃၁ ယောက် သွေးဖောက်သစ္စာရေသောက်၍ နွံစစ်ဟန် ခေါ် နပျိုရဲရင့်သောစစ်သည်တော် သျှမ်းပြည်လက်နက်ကိုင်တော်လှန်ရေးကို သျှမ်းပြည်အရှေ့တောင်ပိုင်း သံလွင်ကူးတို့ဆိပ်တနေရာတွင် စတင်ဖွဲ့စည်းခဲ့သဖြင့် ၂၁၊၅၊၂၀၀၇ နေ့အထိ ၄၉ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။❑

# နအဖ ဥာဏ်နီဥာဏ်နက် နှင့် SSA ဟန်ချီဟန်ချက်

၂၃၊၅၊၂၀၀၇ နေ့နံနက် ၉ နာရီ တာချီလိတ်–မယ်ဆိုင်တစ်ဝိုက် နယ်စပ်တစ်နေရာတွင်တွေ့ဆုံကြရန်သဘောတူခဲ့ကြပြီးမှ နအဖ ကိုယ်စားလှယ်အဖွဲ့ရောက်မလာသည့်ကိစ္စသည် ဆွေးနွေးရေးအတွက် ရိုးသားသည့်ဆန္ဒဖြင့်ပျက်ကွက်ခြင်းမဖြစ်နိုင်ကြောင်း SSA ဘက်မှ ဝေဖန်သုံးသပ်သည်။

မည်သို့ပင်ဆိုစေ–နအဖ အဖို့ ဆွေးနွေးပွဲပျက်ပြားသွားပါက "ဆွေးနွေးရန်ကမ်းလှမ်းသော်လည်း လက်မခံ" ဟူသည့်အကြောင်းပြချက်ဖြင့် SSA အားထိုးစစ်ဆင်ရန် အစီအစဉ်ရှိနိုင်ကြောင်း၊ SSA အတွင်းသွေးကွဲစေရန်လည်း ထိုးဖေါက်စည်းရုံးလာနိုင်ကြောင်း၊ နအဖ ညောင်နှစ်ပင်ညီလာခံပြီးဆုံးပါက အပစ်ရပ်အဖွဲ့များအား လက်နက်ဖြုတ်ရန်အစီအစဉ်ရှိသဖြင့် SSA ထံစုစည်းမလာနိုင်စေရန် SSA ကိုပါ မက်လုံးပေးသိမ်းသွင်းလိုခြင်းလည်းဖြစ်နိုင်ကြောင်း၊ နအဖ က သဘောထားကြီးသယောင် ပြည်တွင်းပြည်ပကို နိုင်ငံရေးမျက်လှည့်ဂိမ်းကစားပြခြင်းလည်းဖြစ်နိုင်ကြောင်း SSA ခေါင်းဆောင်ဗိုလ်မှူး ကြီးယွက်ဆစ်က ဝေဖန်ထောက်ပြလိုက်သည်။

"*ဘယ်လိုဘဲဖြစ်ဖြစ် နအဖ ဆီလက်နက်ချဖို့ SSA မှာလုံးဝ အစီအစဉ်မရှိဘူး။ အခုလို ဆွေးနွေးဖို့လက်ခံခဲ့ရတာကလည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းနိုင်ဖို့ဖြစ်တယ်။ နိုင်ငံရေးဆိုတာ သွေးမထွက်တဲ့စစ်ရေးဖြစ်ပြီး၊ စစ်ရေးဆိုတာ သွေးထွက်သံယို နိုင်ငံရေးတစ်ရပ်ဖြစ်တယ်။ ကျနော်တို့ဆင်နွှဲခဲ့တဲ့ စစ်ရေးဆိုတာကလည်း နိုင်ငံရေးစားပွဲဝိုင်းပေါ်ရောက်ဖို့ဘဲဖြစ်တယ်။ အပစ်ရပ်မယ်မရပ်ဘူးဆိုတာတော့ ဆွေးနွေးမှုအပေးအယူအလျှော့ အတင်းအပေါ်မှာ မူတည်ပါတယ်*" ဟု ၎င်းက ၂၁၊ ၅၊ ၂၀၀၇ နေ့ ၄၉ နှစ်မြောက် သျှမ်းပြည်အမျိုးသားတော်လှန်ရေးနေ့တွင် ပြောဆိုခဲ့သည်။

ပထမဦးဆုံးတွေ့ဆုံပွဲသည် နှစ်ဦးနှစ်ဘက် မိတ်ဆက်သိကျွမ်းခြင်းသဘောတရားသာဖြစ်ကြောင်း၊ အပေးအယူ အလျှော့အတင်း ဆွေးနွေးသည့်အဆင့်မဟုတ်သေးကြောင်း၊ မိမိတို့လုံခြုံရေးအတွက် စိတ်ချရသည့်၊ အချိန်းအချက်ပြုထားသောနေရာသို့ နအဖ ကိုယ်စားလှယ်အဖွဲ့ရောက်မလာဘဲ တာချီလိတ်မြို့သို့ပြောင်းလဲချိန်းဆိုလိုက်သည့်ကိစ္စကိုလက်မခံရန် SSA ကိုယ်စားလှယ်များအားဗိုလ်မှူးကြီး ယွက်ဆစ်က ညွှန်ကြားခဲ့သည် ဟုဆိုသည်။

ဆွေးနွေးပွဲပျက်ရခြင်းနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးယွက်ဆစ် က "*နှစ်ဦးနှစ်ဘက် ပဏာမတွေ့ဆုံမိတ်ဆက်တဲ့ကိစ္စကအင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့် ကျနော်တို့နယ်မြေလည်းမဟုတ်၊ နအဖ နယ်*



*မြေလည်းမဟုတ်တဲ့၊ လုံခြုံစိတ်ချရတဲ့ တတိယ နေရာမှာတွေ့ဆုံကြဖို့ ကျနော်တို့ ချိန်းလိုက်တာဖြစ်တယ်။ ပထမအကြိမ်တွေ့ဆုံပွဲ အောင်မြင်သွားရင် နောက်နောင်ဆွေးနွေးပွဲအတွက် ရန်ကုန်ဖြစ်ဖြစ် ပျဉ်းမနားဖြစ်ဖြစ် ကျနော်တို့သွားနိုင်ပါတယ်။ ဒါပေမဲ့ အခုလိုကနဦး တွေ့ဆုံဆွေးနွေးပွဲ ပျက်ပြားရတဲ့အတွက် ကျနော်တို့စိတ်မကောင်း ဖြစ်မိပါတယ်”* ဟုပြောပါသည်။

နအဖနှင့်အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ဖူးသည့် အတွေ့အကြုံနှင့်ပတ်သက်၍ နအဖ ၏အကြံအစည် ဉာဏ်နီဉာဏ်နက်မှာ ... ပထမဦးဆုံးအနေနှင့် အပစ်ရပ်စဲရန်ဆွေးနွေးသိမ်းသွင်းမည်၊ ပြီးလျှင် အကြောင်းအမျိုးမျိုးပြကာ အကျပ်ကိုင်လက်နက်ချခိုင်းမည်၊ တချိန်တည်းမှာပင် မိမိတို့အဖွဲ့အစည်းအတွင်း အချင်းချင်းနားလည်မှု လွဲမှားကွဲပြားစေရန် သပ်လျှိုသွေးထိုးမည်– စသည့် ကျွန်စီမံချက်များမှချ၍ရှိနေကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အား တာချီလိတ်သို့ ၂၃၊၃၊၂၀၀၇ နေ့ ခေါ်ယူဆွေးနွေးကတည်းက SSA နှင့်ဆွေးနွေးလိုသည့်အရိပ်အမြွက်ပြသခဲ့ကြောင်း၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ KNPP ဒု–ဥက္ကဋ္ဌကလည်း သျှမ်းသံတော်ဆင့် သို့ပြောပြပါသည်။

SSA သည်ခေါင်းမာသည့်အကြမ်းဖက်အဖွဲ့အစည်းမဟုတ်ဘဲ တွေ့ဆုံဆွေးနွေးခြင်းဖြင့် နိုင်ငံရေးပြဿနာကိုဖြေရှင်းဖို့ ဆန္ဒရှိကြောင်းပြသလိုသဖြင့် ဗိုလ်ချုပ်ခင်ညွန့်တို့၏ ထောက်လှမ်းရေးတပ်လက်ထက် ၁၉၉၆ ကတည်းက ဆွေးနွေးရန်အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ဖူးသော်လည်း နအဖ ဘက်မှတုန့်ပြန်ဖြေကြားမှုအလျဉ်းမပြခဲ့ပေ။ သျှမ်းပြည်တိုင်းချုပ် ဒုဗိုလ်ချုပ်ကြီးကျော်ဝင်း ကိုယ်တိုင်က SSA သည် နအဖနှင့်ဆွေးနွေးရန် အခြေအနေ၊အရည်အချင်းပြည့်မီမှုမရှိသဖြင့် နအဖထံလက်နက်ချရန်မှတပါး အခြားရွေးချယ်ရာလမ်းမရှိ ဟုတင်းတင်းမာမာပြောခဲ့ဖူးသည် ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ နအဖ နှင့်တွေ့ဆုံဆွေးနွေးရန် SSA ဘက်က အဆင့်သင့်ပြင်ဆင်ထားကြောင်း၊ လက်နက်ချဖို့အစီအစဉ်လုံးဝမရှိကြောင်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်ရေး လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ရေး စသည့်အသုံးအနှုန်းမျိုးကိုလည်း လက်မခံနိုင်ကြောင်း ထို့အတွက်ကြောင့် နအဖ မှ SSA နှင့်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးလာပါက SSA အနေနှင့် (၁) SSA သာမက ကရင်၊ကရင်နီ နှင့် အခြားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအားလုံးနှင့်အပစ်အခတ်ရပ်စဲရေးလုပ်ရန်။(၂)အပစ်ရပ်စဲပြီးပါက(ယခင် အခြားအပစ်ရပ်အဖွဲ့များကဲ့သို့အချိန်ဆွဲမနေဘဲ)နိုင်ငံရေးစကားဝိုင်းသို့ အမြန်ဆုံးဆက်လက်တက်လှမ်းရန် အခိုင်အမာဆုံးဖြတ်ထားကြောင်း SSA အသိုင်းအဝိုင်းက ပြောဆိုပါသည်။ ❑

# သျှမ်းခေါင်းဆောင် နှင့် ဗွီအိုင်ပီများအစည်းအဝေးကျင်းပ

၁၈–၁၉၊၅၊၂၀၀၇ တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS မှ ကမကထပြု၍ သျှမ်းအမျိုးသားခေါင်းဆောင်များ သျှမ်း–ထိုင်းနယ်စပ်တနေရာ၌ အစည်းအဝေးတစ်ရပ်ကျင်းရာ ပြည်တွင်းပြည်ပမှ မျိုးချစ်ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များစုစုပေါင်း ၅၄ ဦးတက်ရောက်ခဲ့ကြသည် ဟုသိရသည်။



Photo : SHAN

အစည်းအဝေးတွင်...

၁) ဗမာပြည် အခြေအနေနှင့် အမျိုးသားညီလာခံ၊

၂) သျှမ်းပြည် အမျိုးသားညီညွတ်ရေး၊

၃) အနာဂတ်ပြည်ထောင်စု ... စသည့်ခေါင်းစဉ်ဖြင့် အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် ကမ္ဘာ့နိုင်ငံရေး၊ အာရှ နိုင်ငံရေး၊ ဗမာပြည်နိုင်ငံရေးနှင့်သျှမ်းပြည်နိုင်ငံရေးသျှမ်းပြည်အတွင်းနေထိုင်သော တိုင်းရင်းသား များအရေး၊ ထိုင်းနိုင်ငံအတွင်း ထွက်ပြေးခိုလှုံလုပ်ကိုင်စားသောက်နေသော သျှမ်းပြည်သားများအရေး တို့ကိုလည်းဆွေးနွေးခဲ့ပြီး ဆုံးဖြတ်ချက် ၅ ချက်ကို ချမှတ်ခဲ့ကြောင်း သိရပါသည်။

အစည်းအဝေးဆုံးဖြတ်ချက် ၅ ချက်မှာ ...

၁။ အမျိုးသားညီလာခံသည် နအဖ စစ်အစိုးရအာဏာတည်မြဲရေးအတွက်သာဖြစ်၍ ရှုံ့ချကြောင်း၊

၂။ ပြည်သူပြည်သားများအတွက် အကျိုးမဖြစ်သည့် ၎င်းတို့၏ ဦးတည်ချက် ၆ ရပ်၊ အခြေခံမူ ၁၀၄ ချက်ကိုရှုံ့ချကြောင်း၊

၃။ နအဖ နှင့် အပစ်ရပ်အဖွဲ့ ၁၃ ဖွဲ့မှ တောင်းဆိုထားသော ပြည်နယ်များ၏ အခွင့်အရေးများကို သဘောတူထောက်ခံကြောင်း၊

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးအတိုင်ပင်ခံကောင်စီ အတွက် ပြင်ဆင်ရေးကော်မတီတစ်ခု ဖွဲ့စည်းသွားရန်၊

၅။ ပြင်ဆင်ရေးကော်မတီဖွဲ့စည်းရန် ဆက်သွယ်ရေးတာဝန်ခံကို ရွေးချယ်တင်မြောက်ခဲ့ကြောင်း ...တို့ဖြစ်ပါသည်။

ရှေ့ဆက်အစည်းအဝေးအတွက် အခြားတိုင်းရင်းသား ကိုယ်စားလှယ်များပါတက်ရောက်နိုင်ရန် စီစဉ်ထားကြောင်း အစည်းအဝေးတက်ရောက်သူ သျှမ်းခေါင်းဆောင်တစ်ဦးက ပြောပါသည်။ ❑

# SSA မှ ပြည်သူ့စစ် စခန်း ၂ နေရာ တပြိုင်တည်းဝင်စီး

၄၊၆၊၂၀၀၇ နယ်စပ်သတင်းအရ သျှမ်းပြည်တပ်မတော် SSA တပ်မဟာ ၇၅၈ သည် သျှမ်းပြည်တောင် ပိုင်း မိုင်းကိုင်မြို့နယ်နှင့်ရပ်စောက်မြို့နယ် ၂ နေရာရှိ စိုင်းကျော်ဦးဆောင်သည့် ကတ်ဖွီး ပြည်သူ့စစ်စခန်းအား ၂၊၆၊၂၀၀၇ က တပြိုင်နက်တည်းဝင်စီးပစ်ခတ်ရာ ပြည်သူ့စစ်ဘက်အလောင်းများနှင့်လက်နက်ပေါင်း ၃၀ နီးပါးဖမ်းဆီးရမိကြောင်းသိရသည်။

၂၊၆၊၂၀၀၇ တွင်သျှမ်းပြည်တပ်မတော် SSA တပ်မဟာ ၇၅၈ သည် မိုင်းကိုင်မြို့ အနောက်မြောက်ဘက် ၄ မိုင်ခန့်အကွာ ကတ်ဖွီးရွာအနီးစိုင်းကျော်ဦးစီးသောအင်အား ၂၀ ခန့်ရှိ ဌာနေပြည်သူ့စစ်စခန်းအား နံနက် ၄ နာရီမှ ၇ နာရီခန့်အထိ ၂ နာရီကြာဝင်ရောက် စီးနင်းတိုက်ခိုက်ရာ ပြည်သူ့စစ်တပ်ဖွဲ့မှ ၄ ယောက်သေဆုံးပြီး ၁ ဦးဒဏ်ရာရပြီး၊ လက်နက် ၂၇ လက် နှင့် အခြားစစ်သုံးပစ္စည်းအမြောက်အများကို သိမ်းယူရရှိသည်ဟု ဆိုသည်။ ထိုနေ့ရက် တချိန်တည်းမှာပင် သျှမ်းပြည်တောင်ပိုင်းရပ်စောက်မြို့နယ် မိုင်းယောင်းအုပ်စုရှိ စိုင်းကျော်၏ ပြည်သူ့စစ်တပ်စခန်းကိုလည်း တပ်မဟာ ၇၅၈ ကပင်ဝင်ရောက်ပစ်ခတ်ခဲ့ နှစ်ဘက်စလုံး၏ အသေအပျောက်မသိရသေး ဟုဆို၏။

SSA နှင့် သျှမ်းပြည်သူ့စစ်အဖွဲ့ တိုက်ပွဲနှင့်ပတ်သက်၍ ပြည်သူတချို့က "*ကိုယ့်လူမျိုးအချင်းချင်းအပေါ် ကျတော့ အနိုင်ကျင့်ချင်ပြီး ရန်သူ နအဖ အပေါ် တော့ သွားမတိုက်ရဲဘူး*" ဟုပြောသူများရှိ သလို ပြည်သူအများစုကတော့ "*ကောင်းတယ်၊ အသားထဲကလောက်ကို အရင်ရှင်းပစ်မှ အဓိကရန်သူကို ဖြိုခွဲလို့ လွယ်မှာ၊ အဲဒီပြည်သူ့စစ်တွေက နအဖ ခိုင်းခိုင်းမခိုင်းခိုင်း ပြည်သူတွေကို တရားလွန် ဖိနှိပ်နေတာ* " ဟုပြောသူများလည်းရှိ၏။

ပြည်သူ့စစ်ခေါင်းဆောင်စိုင်းကျော်(အသက် ၃၃ နှစ်)သည် ၁၉၉၆ နှိုင်ဝင်ဘာလက ဗိုလ်မှူးကြီး ကဏ်ယွက်ဦးဆောင်သည့် အပစ်ရပ်သျှမ်းပြည်အမျိုးသားတပ်မတော် SSNA မှခွဲထွက်ကာ နအဖ ထံ လက်နက်ချသွားသည့် ရပ်စောက်မြို့နယ် မိုင်းယောင်းတိုက်သူကြီးဟောင်းစံစိုက်ကန္တ၏သားဖြစ်သည်။ ၂၀၀၂ စံကန္တသေဆုံးပြီး နောက်ပိုင်း မိုင်းယောင်းပြည်သူ့စစ်အဖွဲ့လည်း ၃ ဖွဲ့ကွဲသွားသည်ဟုဆိုသည်။ ❑

# သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော နှိုးဆော်စာ

မေလဆန်းပိုင်းက"**သံလွင်မြစ်ပိုင်ရှင်** "ဟုအမည်ရသော သျှမ်းပြည်မျိုးချစ်တစ်ဦးက သျှမ်းပြည်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်သည့် မျိုးချစ်ပုဂ္ဂိုလ်များအားလုံးသို့ နှိုးဆော်စာတစ်စောင်ကို သျှမ်းသံတော်ဆင့်သို့ ရေးသားပေးပို့ခဲ့ပါသည်။ အဆိုပါစာတွင် –



**သံလွင်မြစ်ဖျားတနေရာ**

Photo : SHAN

၁။ သျှမ်းပြည်အတွင်း ရှေးပဝေသဏီကတည်းက တည်ရှိခဲ့သော တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်အား စစ်အစိုးရ က ဖျက်ဆီးမည့်အန္တရာယ်ကို သျှမ်းပြည်တမျိုးသားလုံး လက်ပိုက်ကြည့်မနေဘဲ တညီတညွတ်တည်းဆန့်ကျင်ကန့်ကွက်ကြရန်။

၂။ သျှမ်းပြည်၏ အဖိုးတန်သဘာဝ မြေပေါ် မြေအောက်သယံဇာတများကို သျှမ်းပြည်သားများ တစ်ပဲတစ်ပြားမှအကျိုးမခံစားရဘဲ နအဖစစ်အုပ်စုထိပ်သီးကချည်းမိမိတို့ကိုယ်ကျိုးစီးပွားအတွက်သာ သိမ်းကြုံးယူငင်ရောင်းစားနေမှုအား တတ်နိုင်သည့်နည်းလမ်းဖြင့် ကာကွယ်တိုက်ဖျက်သွားကြရန်။

၃။ သံလွင်မြစ်ပေါ် ၌ ရေကာတာတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ တရုပ်ပြည်သို့ ရေနံ နှင့်ဂက်(စ်) ရောင်းချရန် သျှမ်းပြည်ကိုဖြတ်၍ပိုက်သွယ်တန်းခြင်းစသောနအဖတို့၏လုပ်ရပ်များသည် သဘာဝပတ်ဝန်းကျင်ကိုသာမက သျှမ်းပြည်သားများအား ကေန်မလွဲ အကျိုးစီးပွားပျက်စီးစေမည်ဖြစ်သဖြင့် နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် လှုပ်ရှားကြသောအဖွဲ့အစည်းများအားလုံး တက်ကြွစွာပါဝင်ဆန့်ကျင်ကန့်ကွက်ကြရန်။

၄။သဘာဝပတ်ဝန်းကျင်၊သယံဇာတနှင့်ပြည်သူများ၏အကျိုးစီးပွားကို ဖျက်ဆီးနေသောအာဏာရှင်စစ်အုပ်စုအား ဒီမိုကရေစီလိုလားသူနိုင်ငံရေးလှုပ်ရှားသူ မျိုးချစ်ပုဂ္ဂိုလ်များအားလုံး တညီတညွတ်တိုက်ထုတ်ချေမှုန်းကြရန်။

၅။ နအဖစစ်အုပ်စုကြောင့် သျှမ်းပြည်သားများအပါအဝင် မြန်မာနိုင်ငံသားအားလုံး လူ့အခွင့် အရေးဆုံးရှုံးနေမှုအပေါ် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များသိမြင်နားလည်ကာနအဖစစ်အုပ်စုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမပြုကြရန်– နှိုးဆော်ထားပါသည်။ ❑



# รัฐธรรมนูญเผด็จการ
# ซึ่งจะนำไปสู่การนองเลือด
# စနစ်နှစ်ခု နှိုင်းယှဉ်ပြု



**"သွေးအိုင်ထွန်းမှုဆီသို့ ဦးတည်မည့် အာဏာရှင် အခြေခံဥပဒေ"** ... တဲ့။

စစ်ဗိုလ်တစ်မတ်သား နအဖ အခြေခံဥပဒေအတွက် လုပ်ကြံဖန်တီးနေတဲ့ ညောင်နှစ်ပင်ညီလာခံနဲ့ နှိုင်းစာရင် အတိုင်းထက်အလွန် လွှတ်လပ်ပွင့်လင်းမှု၊ ပြည်သူ့ဆန္ဒအစစ်အမှန်ဖြစ်မှု၊ အချိန်ဇယားအတိအကျ ကန့်သတ်ထားမှုတွေ အများကြီးပိုရှိတာတောင်မှ ထိုင်းစာနယ်ဇင်းတွေက အဲကလို ထောက်ပြကြသေးတယ်။

ဆိုတော့ ... ညောင်နှစ်ပင်အခြေခံဥပဒေကို လက်ညှိုးထောင်ခေါင်းညိတ်ပြီး အဆိပ်ပင်ရေလောင်း လုပ်သင့်သလား?

**"**
**เพื่อให้บรรลุเป้าหมายนี้**
**กรรมาธิการยกร่างรัฐธรรมนูญ**
**จึงต้องลดทิฐิ ยอมรับฟังและ**
**นำข้อเสนอแนะไปแก้ไขร่างรัฐธรรมนูญ**
**เพื่อประโยชน์ของประเทศ กลุ่มพลังต่าง ๆ**
**ต้องลดทิฐิ และเคารพในการตัดสิน**
**อันเป็นที่สุดของฝ่ายนิติบัญญัติ**
**ในการร่างรัฐธรรมนูญ**
**"**

*"ဒီရည်မှန်းချက်တွေပေါက်မြောက်ဖို့ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင်တွေ ခေါင်းမာပေကပ်မှု လျှော့ပေ့ါရမယ်။ နိုင်ငံတော်ရဲ့အကျိုးစီးပွါးအတွက် အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရာမှာ အဖက်ဖက်ထင်မြင်ချက်၊ အကြံပြုချက်တွေကို နားစွင့်လက်ခံရမယ်။ အင်အားစုအသီးသီးကလည်း ခေါင်းမာပေကပ်မှုနဲ့ အဂတိတွေ လျှော့ချပြီး အခြေခံဥပဒေ ရေးဆွဲရာမှာ ဥပဒေပြုခွင့်ဆိုင်ရာအမြင့်ဆုံး ဆုံးဖြတ်ချက်ကို လေးစား အသိအမှတ်ပြုရမယ် "*

# နအဖ ဖွဲ့စည်းပုံသရုပ် အုပ်ချုပ်ရေးအာဏာအောက်က တရားစီရင်ရေး

*"အခြေခံဥပဒေကို နိုင်ငံရေးရှုဒေါင့်တခုထဲကနေ ကြည့် လို့ မရပါဘူး။ အခြေခံဥပဒေကို ပဋိပက္ခ ဖြေရှင်းရေးဘက်ကနေ ကြည့်တဲ့အခါ မှာ မတူတဲ့ပဋိပက္ခတွေပေါ်နိုင်တယ်။ ဥပမာ ဥပဒေပြု အာဏာကို ခွဲဝေသုံးစွဲတဲ့နေရာမှာ ပဋိပက္ခတွေပေါ်နိုင်တယ်။ ပြည်ထောင်စု အစိုးရနဲ့ ပြည်နယ် အစိုးရတွေကြား အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးတဲ့အခါမှာ ပဋိပက္ခတွေပေါ်နိုင်တယ်။ ပေါ်လာရင် လက်နက်ကိုင်တဲ့နည်းနဲ့ မဖြေရှင်းဘဲနဲ့ အဓိကအားထားရမှာက တရားရုံးတွေဖြစ်ပါတယ်။"* "အခုနအဖအခြေခံဥပဒေကို လေ့လာကြည့်ပါ။ တရားရုံး၊ တရားစီရင်ရေးဌာနတွေပါတယ်။ သို့သော် အဲဒီတရားရုံးတွေကို ပဋိပက္ခဖြေရှင်းခွင့် အာဏာပေးမထားဘူး။ ဘာ့ကြောင့် ပြောလို့ရသလဲ?။ ပြည်သူလူထုအားလုံး စဉ်းစားလို့ရတယ်။ တရားသူကြီးချုပ်ကို သမတကခန့်တယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ခန့်တယ်။ ဒါပေမဲ့ ပြည်ထောင်စုလွှတ်တော်ကနေ တရားသူကြီးချုပ်အဖြစ် အရည်အချင်းမပြည့်မီဘူးလို့ သက်သေခံချက် မတင်ပြနိုင်ရင် ကန့်ကွက်လို့မရဘူး။ အုပ်ချုပ်ရေးအာဏာကိုဘဲကိုင်တဲ့ သမတတွေတရားသူကြီးက ဖြုတ်ရင် နိုင်ငံတော်သစ္စာဖောက်ဖျက်တဲ့အခါ၊ ပုန်ကန်တယ်လို့ ယူဆတဲ့အခါ၊ အခြေခံဥပဒေကို ချိုးဖောက်တဲ့အခါ၊ အရည်အချင်းအပြည့်မီဘူးလို့ ယူဆတဲ့အခါမှာဖြုတ်တယ်။ ဒီအချက်တွေအားလုံးက သမတရဲ့အလုပ်မှ မဟုတ်ဘဲ။ အခြေခံဥပဒေချိုးဖောက်တယ် – မချိုးဖောက်ဘူးဆိုတာအခြေခံဥပဒေဆိုင်ရာတရားရုံးက ပညာရှင်တွေနဲ့အကျိုတ်အနယ် ငြင်းခုံဖြေရှင်းရတဲ့ ကိစ္စဖြစ်တယ်။ နိုင်ငံတော်သစ္စာဖောက်တယ် မဖောက်ဘူး၊ ပုန်ကန် တယ် မပုန်ကန်ဘူးဆိုတာကိုသမတတစ်ယောက်ထဲကနေဆုံးဖြတ်အတည်ပြုဘို့မဟုတ်ဘူး။ ဒါ့ကြောင့် နအဖ ရဲ့အခြေခံဥပဒေအောက်မှာ လွှတ်လပ်တဲ့တရား စီရင်ရေးဆိုတာ လုံးဝပြောလို့မရနိုင်ပါဘူး။"

**ဦးအောင်ထူး /BLC အထွေထွေအတွင်းရေးမှူး ၁၃၊၆၊၂၀၀၇**

# ထိုင်းအခြေခံဥပဒေသစ် အချိန်ဇယားပြက္ခဒိန်

ဇူလိုင် ၉

အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလွှတ်တော် (CDA) မှမူကြမ်းကို အပြီးရေးဆွဲမည်။

➡ မဲပေးသူအများစုက ၄င်းမူကြမ်းကို ဆန့်ကျင်မဲပေးကြပါက ...

➡➡ CDA မှ၄င်းမူကြမ်းကို သဘောမတူပါက...

⬇ အမျိုးသားလုံခြုံရေးကောင်စီ (CNS) နှင့်အစိုးရအဖွဲ့က ယခင် အခြေခံဥပဒေဟောင်း ၁၇ ခုအနက် တခုခုကိုရွေးချယ်ကာ ရက် ၃၀ အတွင်းအပြီး ပြင်ဆင် (ဖြည့်စွက်ထုတ်နုတ်) ၍ဘုရင်မင်းမြတ်မှ အတည်ပြုပေးရန် လျှောက်တင်မည်။

ဩဂုတ်၁၉။

⬇ အခြေခံဥပဒေမူကြမ်းအပေါ် အမျိုးသား လူထုဆန္ဒခံယူ ပွဲ(ကျင်းပမည်)၊

⬇ ဆန္ဒမဲပေးသူအများစုက ၄င်းမူကြမ်းကိုထောက်ခံပါက ... အမျိုးသားဥပဒေပြုလွှတ်တော် (NLA) ကငင်းအခြေခံ ဥပဒေဖြင့် ဘုရင်မင်းမြတ်မှ အတည်ပြုပေးရန် လျှောက်တင်မည်။

⬇ မူကြမ်းဆက်လက်ရေးဆွဲရေး စည်းမျဉ်းစည်းကမ်း ဖြစ်စဉ်များ အတိုင်း ဆက်သွားမည်။

➡ နိုဝင်ဘာ ၂၅ အထွေထွေရွေးကောက်ပွဲ




## လဲချားမြို့အနီး၌ တိုက်ပွဲဖြစ်ပွား

၂၃၊၄၊၀၇ ညနေ ၅ နာရီအချိန်တွင် လဲချား အခြေစိုက် နအဖ နယ်လှည့်ယာဉ်တန်းစစ်ကား ၂ စီးသည် လဲချားမြို့နယ် ဝမ့်ယိမ်းကျေးရွာအုပ်စု ဝမ့်ယိမ်း ရွာအနီးရှိ လွယ်ဖိုင်းတောင်ကုန်းအရောက်တွင် ဒုဗိုလ်မှူးကြီး ဆန်ဝိ ဦးစီးသော သျှမ်းပြည်တပ်မတော် တပ်မဟာ ၁၉၈ နယ်လှည့်စစ်ကြောင်းနှင့်ပက်ပင်းတိုးမိရာမှ တိုက်ပွဲ ဖြစ်ပွားခဲ့သည်ဟုဆို၏။

တိုက်ပွဲတွင် နအဖ ဘက်မှ ၁၀ ဦးခန့်သေကြေ ဒဏ်ရာရပြီး SSA ဘက်ထိခိုက်ကျဆုံးမှုကိုမသိရသေး ကြောင်း ဒေသခံများပြောပြချက်အရသိရသည်။ တိုက်ပွဲ မဖြစ်ပွားမီ ၁ ရက်က အဆိုပါ နအဖ နယ်လှည့်စစ် ကြောင်းသည် လဲချားမြို့အနောက်မြောက် ဘက် ၄ မိုင် ခန့်အကွာ၌ ဆိုင်ကယ် ၂ စီး နှင့် ရွာသား ၂ ဦး ကိုတွေ့ရာ ဆိုင်ကယ်သမား တစ်ယောက်ကို ကျပ် ၈၀၀၀၀၊ ကျန် တစ်ယောက်အား ကျပ် တစ် သိန်း မရမနေ တောင်းယူခဲ့ ကြောင်း ရွာသားများကထပ်မံပြောပြသည်။ ❑

# ကမ္ဘာ့မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့အကြို SSA မှယာဘမီးရှို့ပွဲ

၂၀၀၇ နှစ်ဦးပိုင်းမှစ၍ သျှမ်းပြည်တပ်မတော် **SSA** သည် နအဖ စစ်တပ်နှင့်ရော ဂျဆေးဗိုလ်ဦးဆောင်သော နမ့်ယွန်း မိုင်းဖြတ် လားဟူပြည်သူ့စစ်ပူးပေါင်းအဖွဲ့နှင့်ပါ အကြိမ်ကြိမ်စစ်ပွဲဆင်နွှဲခဲ့ပြီး သိမ်းဆည်းရမိခဲ့သော စိတ်ကြွဆေးပြား ၁.၁ သန်းကို ဇွန်လ ၆ ရက်နေ့က ကျိုင်းတုံစစ်မျက်နှာဌာနချုပ် လွယ်ကော်ဝမ်း တပ်စခန်း၌ မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကျင်းပခဲ့ကြောင်း နယ်စပ်သတင်းရပ်ကွက်အရသိရသည်။

အဆိုပါသိမ်းဆီးရမိသော ယာဘဆေးပြားများကို မီးရှို့ဖျက်ဆီးပြစ်သည့်အခမ်းအနားသို့ ဘန်ကောက်ပို့စ်၊ သည်နေးရှင်း၊ ရိုက်တာ၊ ခမ်းချုတ်လိတ်၊ ထိုင်းသတင်းဌါနများ နှင့် **TITV** ထိုင်းရုပ်မြင်သံကြားတို့အား ဖိတ်ကြား၍ **RCSS / SSA** ခေါင်းဆောင် ဗိုလ်မှူးကြီးယွက်ဆစ်က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ အခမ်းအနားတွင်ဖိတ်ကြားထားသည့် မီဒီယာသတင်းဌါနများအပြင် **SSA** အရာရှိ အကြပ်တပ်သားများ၊ အမျိုးသမီးစစ်သည်များ၊ ကျောင်းသူ/ သားများ စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ခဲ့သည်ဟုဆိုသည်။ ဗိုလ်မှူးကြီးယွက်ဆစ် က "*SSA ဟာမူးယစ်ဆေးဝါးအန္တရာယ်ကို ဆက်လက်သုတ်သင်ရှင်းလင်းသွားမှာဖြစ်တယ်၊ ဒီအတွက်ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းမှာ နအဖ စစ်အစိုးရ အပါအဝင် ဘယ် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနဲ့မဆို လက်တွဲပူးပေါင်းနိုင်ပါတယ်*" ဟု မိန့်ခွန်းပြောကြားသွားပါသည်။



Photo : SHAN

ယခုလက်ရှိ စိတ်ကြွဆေးပြားတန်ဖိုးမှာ တာချီလိတ်တွင် ၁ ပြား ဘတ် ၃၀ ၊ မယ်ဆိုင်၌ ၃၅ ဘတ်နှင့် ဘန်ကောက်တွင် ဘတ် ၂၀၀ ဖြစ်ပြီး မယ့်ဆိုင်ဈေးနှုန်းအရ မီးရှို့ဖျက်ဆီးလိုက်သော ယာဘတန်ဖိုးသည် ဘတ်ငွေ ၃၈ သန်းခန့်ရှိသည် ဟုသိရသည်။

သျှမ်းပြည်တပ်မတော် **SSA** ၏ အခြေခံမူ ၆ ရပ်ပါအချက် အမှတ် ၅ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးပေါ်လစီအရ ၂၁၊၁၊ ၂၀၀၇ ရက်နေ့၌ သျှမ်းပြည်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် နမ့်ယုံးအုပ်စု လားဟူပြည်သူ့စစ်ခေါင်းဆောင်ဂျဆေးဗိုလ်အဖွဲ့အင်အား ၃၀ ရှိ စိတ်ကြွဆေးပြားကယ်ရီ လုံခြုံရေးတပ်ဖွဲ့နှင့် ၄င်း၏တပ်ဖွဲ့တို့ ကျိုင်းတုံတောင်ဘက် မိုင်းခွမ်အုပ်စု မိုင်းပတ်ရွာအနောက်ဘက်တွင် စတင်တိုက်ပွဲဖြစ်ပွားရာ **SSA** မှ ရဲဘော် ၃ ဦးကျ ၂ ဦး ဒဏ် ရာရပြီး သေနတ် ၂ လက်ဆုံးရှုံးခဲ့သည် ဟုဆို၏။



Photo : SHAN

အဆိုပါတိုက်ပွဲဖြစ်ပွားပြီးနောက် လားဟူပြည်သူ့စစ်ခေါင်းဆောင်ဂျဆေးဗိုလ်သည် မိုင်းဖြတ်အခြေစိုက် ခမရ ၃၂၉၊ ၃၃၀ ၊ တာလေအခြေစိုက် ခမရ ၅၇၁ နှင့်မိုင်းကုတ်အခြေစိုက် ခမရ ၅၇၉၊ ၅၈၀ စုစုပေါင်း ၅ တပ်ရင်းနှင့်အတူ စစ်ကြောင်း ၅ ကြောင်းခွဲကာ **SSA** အားလိုက်လံတိုက်ခိုက်ရာ ၂၂၊၁၊၂၀၀၇ ရက်နေ့မိုင်းဖြတ်အနောက်ဘက် နမ့်ပါရွာအနီး၌ ခမရ ၅၇၁ နှင့် **SSA** တို့ မိနစ် ၄၀ ခန့် ဒုတိယအကြိမ်တိုက်ပွဲဖြစ်ပွားခဲ့ပြန်သည်။ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ဂျဆေးဗိုလ်၏ ယာဘကယ်ရီအဖွဲ့မှာ အခွင့်ကောင်းယူ၍လွတ်မြောက်သွားခဲ့ပြန်သည် ဟုဆိုသည်။

၂၈၊၁၊၂၀၀၇ သို့ရောက်သော် တာချီလိတ်မြောက်ဘက် မိုင်းဟိုင်း ဘက်သို့ ဂျဆေးဗိုလ်တို့၏ ယာဘကယ်ရီအဖွဲ့ရောက်သွားသည့်သတင်းရရှိသဖြင့် **SSA** မှစစ်ကြောင်းစေလွှတ်ခဲ့ပြန်သည်။ ဂျဆေးဗိုလ်၏ ပြည်သူ့စစ်နှင့် နအဖ စစ်တပ်၏ပူးတွဲတပ်ဖွဲ့ကလည်း လိုက်လံပိတ်ဆို့တိုက်ခိုက်ပြန်ရာ တာချီလိတ်အရှေ့ဘက် မိုင်းကိုးဘက်သို့ယာဘကယ်ရီလွတ်မြောက်သွားသည်။ **SSA** ၏ထက်ကြပ်မကွာ လိုက်လံမှုကြောင့် ၄၊၂၊ ၀၇ နေ့ နမ့်ဖုန်းချောင်းအနီး၌ ကယ်ရီ လုံခြုံရေးပြည်သူ့စစ်အဖွဲ့နှင့်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တခါလွတ်မြောက်သွားပြန်သည်ဟုသိရသည်။ ❑

၆၊၂၊၂၀၀၇ နံနက် ၄ နာရီအချိန် တြိဂံဒေသ မဲခေါင်မြစ်အတိုင်း ယာဘာတင်စက်လှေ ၄ စီး တာ့ဆွပ်လိန်းခေါ် လိန်းချောင်း၀ ဆိပ်၌ ကမ်းကပ်ထားစဉ် SSA စစ်ကြောင်းမှ မိုင်းဖုန်းနယ်မြေတာဝန်ခံအဖွဲ့ထံ ဆက်သွယ်အကြောင်းကြားသဖြင့် နယ်မြေတာဝန်ခံများကစက်လှေ ၃ စီးစေလွှတ်ကာ ယာဘာကယ်ရီစက်လှေအား တားမြစ်ရပ်တန့်ခိုင်းရာ မရပ်သည့်အပြင် ပြန်လည်ပစ်ခတ်သဖြင့် SSA စက်လှေတစ်စီးနစ်မြုပ်သွားပြီး တပ်သားတစ်ဦးနှင့်အတူ သေနတ် ၁ လက်ဆုံးရှုံးခဲ့သည်ဟုဆို၏။ ဆက်၍ ၄၅ မိနစ်ခန့်အပြန်အလှန်ပစ်ခတ်ရာမှ ယာဘာကယ်ရီစက်လှေ ၃ စီးနစ်မြုပ်သွားပြီး ကျန်တစ်စီး ကမ်းကပ်သွားသဖြင့် စက်လှေမောင်းသူနှင့်အတူ SSA က ကျောပိုးအိပ် ၁၁ အိပ်စာ စိတ်ကြွဆေးပြား ၁ သန်း ၁ သိန်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မီးရှို့ပြသော အဆိုပါစိတ်ကြွဆေးပြားများ၏ မူလပိုင်ရှင်၊ မည်သည့်အရပ်ဒေသမှထုတ်လုပ်သယ်ဆောင်လာသည်၊ မဲခေါင်မြစ်အတွင်းနစ်မြုပ်သွားသော စက်လှေနှင့်အတူမည်မျှပါသွားသည်၊ မည်သည့်အရပ်သို့ ဦးတည်သယ်ဆောင်သွားရန်ရှိသည်၊ ၃–၄ လခန့် သိမ်းဆီးထားပြီးမှ ဘာ့ကြောင့် ယခုမှမီးရှို့ပြသည်၊ ထိုင်း မူးယစ်အာဏာပိုင်များထံအပ်နှံရန်ကမ်းလှမ်းမှုရှိမရှိ စသည့် သတင်းထောက်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ၄င်းယာဘာ ပိုင်ရှင်အစစ်အမှန်ကို အတိအကျ မပြောနိုင်ကြောင်း၊ ထုတ်လုပ်သယ်ဆောင်လာသည့်နေရာလည်း အသေအချာမသိရကြောင်း၊ ဂျုန္နဝါရီလဆန်းပိုင်းကတည်းက ကျိုင်းတုံဘက်မှ စတင်သတင်းရရှိကြောင်း၊ နစ်မြုပ်သွားသော စက်လှေ ၃ စီးထဲ၌လည်း တစ်စီးလျှင် ၁ သန်းကျော် ပါသွားမည်ဟု နောက်ပိုင်းတွင် စုံစမ်းသိရှိခဲ့ကြောင်း၊ လုပ်ရိုးလုပ်စဉ်အတိုင်း မဲခေါင်မြစ်ကူးပြီး လောဝ်သို့ ခိုးသွင်းကာ ထိုမှထိုင်းထဲပြန်ဝင်ဘွယ်ရှိကြောင်း၊မဲခေါင်မြစ်ကမ်းမှ လွှယ်ကောဝ်ဝမ်းဌာနချုပ်သို့ အခက်အခဲပေါင်းစုံကြားမှ လုံခြုံရေးအဓိက ထား၍တဆင့်ပြီးတဆင့် သယ်ဆောင်လာရသဖြင့် အချိန်ကြာရခြင်းဖြစ်ကြောင်း၊ ထိုင်းအာဏာပိုင်များထံအပ်နှံရန် ကမ်းလှမ်းသော်လည်း နအဖ နှင့်ဆက်ဆံရေးမထိခိုက်စေလို ဟုအကြောင်းပြပြီး လက်မခံခဲ့ကြောင်း ဗိုလ်မှူးကြီးယွက်ဆစ်မှ အကျယ်တဝင့် ရှင်းလင်းသွားခဲ့သည်။

# လွတ်လပ်ခွင့် ကင်းတဲ့ နအဖ အခြေခံဥပဒေ

"နအဖ ညောင်နှစ်ပင်က အတည်ပြုပြဌာန်းမယ့်အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့နိုင်ငံရေးလွတ်လပ်ခွင့်ကို အာမခံချက်ပေးထားတာ မတွေ့ရပါဘူး"

"လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်၊စည်းရုံးခွင့်ကိုဘယ်အခြေခံကပေးထားလဲဆိုတော့လက်ရှိတည်ဆဲဥပဒေနဲ့မဆန့်ကျင်ဘူးဆိုရင် လွတ်လပ်စွာဖွဲ့စည်းခွင့်၊ ပြောဆိုစည်းရုံးခွင့်ရှိတယ်လို့ ဖော်ပြထားပြီးဖြစ်တယ်။

အလားတူပြဌာန်းချက်မျိုး ၁၉၇၄ အခြေခံဥပဒေထဲမှာလဲ ပြဌာန်းခဲ့ဖူးတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မဆန့်ကျင်ရင် လွတ်လပ်စွာဖွဲ့စည်းခွင့်နဲ့စည်းရုံးလှုပ်ရှားခွင့်ရှိတယ်။ အဲဒါကိုကိုင်ပြီးတော့ ၁၉၇၄ အလုပ်သမားတွေ ဆန္ဒပြတဲ့အခါ **"မင်းတို့မတွေ့ဘူးလား၊ အခြေခံဥပဒေမှာရေးထားတာ။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်ရင် နှိမ်နင်းခွင့်ရှိတယ်။"** လူထုက ဒီလိုနှိမ်နင်းခံခဲ့ရတယ်။

ယခုလည်း လာပြန်ပြီတခါ၊ လွတ်လပ်စွာဖွဲ့စည်းခွင့် စည်းရုံးခွင့်ရှိတယ် ဆိုတဲ့နေရာမှာ Exceptional Cause လို့ခေါ်တဲ့ တိတိကျကျကန့်သတ်ထားတဲ့ ပြဌာန်းချက်ရှိတယ်။ ဒီအခြေခံဥပဒေပေါ်လာရင် လူထုကထောက်ပြပြီးတော့ ဆုံးရှုံးနေတဲ့မိမိတို့အခွင့်အရေးတွေကို ပြန်လည်ရနိုင်ဖို့အတွက် လက်ရှိတည်ဆဲဥပဒေတွေ ရုပ်သိမ်းနိုင်စွမ်းရှိရမယ်။"

"နအဖအခြေခံဥပဒေဟာ လက်ရှိတည်ဆဲဥပဒေတွေကို ဆက်လက်တည်ရှိခွင့်ပေးတဲ့ အခြေခံကနေပြဌာန်းထားတာဖြစ်ပါတယ်။ ဘယ်ပြဌာန်းချက်တစ်ခုကမှ ကနေ့မတရားတဲ့ ဥပဒေတွေလိုဘဲ ၁၉၇၅ နိုင်ငံတော်လုံခြုံရေး ဥပဒေမျိုး တွေ၊ ၁၉၆၂ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဆိုင်ရာဥပဒေဟာမျိုးတွေ၊ ၁၉၈၈ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်ဟာမျိုးတွေ လုံးဝဖျက်လို့မရနိုင်ဘူး။ ဦးခွန်ထွန်းဦးတို့လို သျှမ်းတိုင်းရင်းသားခေါင်းဆောင်တွေဟာ သူပုန်ထတာလဲမဟုတ်၊ ဘယ်သူ့ကိုမှ ပုံးဖောက်ခဲ့ဖို့လုပ်တာလဲမဟုတ်။သျှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီဖွဲ့စည်းဖို့ကြိုးစားရုံနဲ့ ပုဒ်မအမျိုးမျိုးတပ်ပြီးတော့ ထောင်ဒဏ် ၇၅ နှစ်ကနေ ၁၀၆ နှစ်ချတယ်။ ဒါမျိုး နောက်နောင်မဖြစ်အောင်ကာကွယ်နိုင်တဲ့ လွတ်လပ်သောတရားစီရင်ရေးစနစ် တည်ဆောက်နိုင်တဲ့ ပြဌာန်းချက် ဘာတစ်ခုမှမပါဘူး။"

"ဒုတိယအချက်– အခွန်ကောက်ခွင့်ဆိုတဲ့ကိစ္စ။အခွန်ကောက်တဲ့ကိစ္စမျိုးလိုဘဲ ဗဟိုပြည်ထောင်စုလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တို့ အခွင့်အာဏာတွေခွဲထားတယ်။ ဗဟိုပြည်ထောင်စုလွှတ်တော်မှာ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေးနဲ့ စီမံကိန်း၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ စက်မှုလုပ်ငန်း စတဲ့ အရေးကြီးတဲ့ကဏ္ဍအားလုံးကို ယူထားပြီး၊ ပြည်နယ်တွေကို ဘာပေးထားလဲဆိုတော့ ဆားချက်လုပ်ငန်း၊ ကျောက်သွေးလုပ်ငန်း စတာတွေလောက်ဘဲ ပေးထားတယ်။ ဒီလောက်ကြီးတဲ့ ပြည်နယ်ကြီးတွေရဲ့ဖွံ့ဖြိုးမှုအတွက် ဒီလိုအသေးအဖွဲ အခွန်ကောက်ခွင့်တွေရရှိရုံနဲ့ လည်ပတ်လို့ရမလား?။ ပြည်ပရင်းနှီး မြှုပ်နှံမှုလုပ်ငန်းတွေအားလုံး၊ ငွေကြေးနဲ့အခြားအကူအညီလက်ခံပိုင်ခွင့်တွေအားလုံးကို ဗဟိုပြည်ထောင်စုက ကိုင်ထားတယ်။ ဘယ်လိုလုပ်ပြီးတော့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှုရှိနိုင်မလဲ။ ဒါကိုကြည့်လိုက်ရင် ဒီ နအဖ အခြေခံဥပဒေဟာ လုံးဝသုံးလို့မရတဲ့ အခြေခံ ဥပဒေဖြစ်နေတယ်ဆိုတာတွေ့ရပါတယ်။"

**ဦးအောင်ထူး(အထွေထွေအတွင်းရေးမှူး)၊မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC)၊ BBC ကမ္ဘာ့အရေး–မြန်မာ့အရေးကဏ္ဍ၊ ၁၆၊၆၊၂၀၀၇**

# သျှမ်းပြည် အခြေခံ ဥပဒေဆိုင်ရာရှင်းလင်းပွဲ

တတိယအကြိမ်မြောက် သျှမ်းပြည်အခြေခံဥပဒေ ပထမမူကြမ်းရှင်းလင်းပွဲခေါင်းစဉ်းဖြင့် ဂျွန်လ ၁၁ ရက်မှ ၁၅ ရက်အထိ ဇင်းမယ်ခရိုင်အတွင်း နယ်စပ်တနေရာတွင်ကျင်းပခဲ့ရာ သျှမ်းတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသာများဖြစ်သော အခါ၊ အင်းသား၊ ကချင်၊ ပဒေါင်၊ ကိုးကန့်၊ လားဟူ၊ ပလောင်၊ ပအိုဝ့်၊ ဝတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များရှိစေရန် လမ်းဖွင့်ထားသင့်ကြောင်း အဆိုပြုခဲ့ကြသည်ဟု ဆိုသည်။

၂၀၀၅ နှစ်ဦးပိုင်းတွင်ရေးသားပြီးစီးခဲ့သော ပထမမူကြမ်းသည် ကနဦးသဘောတူကြသည့် ပြည်ထောင်စုစနစ်အပေါ် မူတည်၍ သျှမ်းပြည်ကိုပြည်နယ်နှင့်ပြည်နယ်ခွဲများ(သို့မဟုတ်) ***ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ*** များအဖြစ် အာဏာခွဲဝေအုပ်ချုပ်ရန် ရေးဆွဲထားသည်။

ထို့အပြင် ၁၉၄၇ ပြည်ထောင်စုအခြေခံဥပဒေကို ၁၉၆၂ ၌ အာဏာသိမ်းစစ်အစိုးရက ဖျက်သိမ်းခဲ့ပြီးဖြစ်သဖြင့် သျှမ်းပြည်အဖို့ လွတ်လပ်သောတရားဝင်တိုင်းပြည်ဖြစ်နေလင့်ကစား ပြည်ထောင်စုကြီးအတွင်းပြန်လည်ပူးတွဲသင့်ကြောင်း အဆိုပြုတင်ပြခဲ့ကြသည်။

အချုပ်အားဖြင့် သျှမ်းပြည်အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်စတင်ဖွဲ့စဉ် ၂၀၀၀ ခုနှစ်က သဘောတူညီမှုရထားသည့် အောက်ပါ လမ်းညွှန်မှု ၅ ရပ်ကို ထပ်လောင်းဖြည့်စွက်ထားသင့်ကြောင်းကိုအဆိုပြုတင်ပြခဲ့ကြသည်။

- ☆ နိုင်ငံတော်အချုပ်အခြာအာဏာသည် သျှမ်းပြည်သူလူထုမှဆင်းသက်ရေး၊
- ☆ သျှမ်းတိုင်းရင်းသားများအားလုံးတန်းတူညီမျှရေး၊
- ☆ သျှမ်းပြည်သစ်သည် စစ်မှန်သောဖက်ဒရယ်စနစ်ပေါ် တည်မှီရေး(၂၀၀၀ခုနှစ်ကချမှတ်ခဲ့သည့်လမ်းညွှန်မှု)၊
- ☆ သျှမ်းပြည်သည် ဘာသာရေးနှင့်ကင်းလွတ်သော အုပ်ချုပ်ရေးစနစ်ကျင့်သုံးရေး၊
- ☆ ပါတီစုံစနစ်ကျင့်သုံးရေး၊ လူနည်းစုတိုင်းရင်းသားများ ရပိုင်ခွင့်အတွက်အာမခံရေးတို့ဖြစ်သည်။

ပထမမူကြမ်းကို သျှမ်းပြည်အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ စဝ်ဆိုင်စစ်က နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများမှ အကြံပြုချက်များအပေါ် မူတည်၍ ရေးသားခဲ့သည်။ ပထမမူကြမ်း၌ လမ်းညွှန်မှု ၇ ချက် အခြေခံဥပဒေဆိုင်ရာစည်းမျဉ်း ၄၆ ရပ်ပါရှိပြီး ၄င်းတို့မှာ ပါလီမန်စနစ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအချိုးကျပါဝင်မှု၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၏ အရေးပါမှု၊ မြေယာပိုင်ဆိုင်မှုဓလေ့ထုံးတမ်းဥပဒေများ စသည်တို့ကို အရေးတယူရေးဆွဲထားသည်။ ဤရှင်းလင်းပွဲ၌ သျှမ်းပြည်ကာကွယ်ရေးနှင့် ဒေသအုပ်ချုပ်မှုခန့်ခွဲရေးတို့ကိုလည်းတင်ပြခဲ့ကြသည်။

ထိုရှင်းလင်းပွဲသို့ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သူ ၁၉၇၅ တွင် ကွယ်လွန်သွားခဲ့သည့် ဗိုလ်ချုပ်ဇော်ဆိုင်း၏ဇနီးဒေါ် ရှယ်လီဆိုင်းမှ အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ရှင်းလင်းပွဲဖြစ်မြောက်ရေးကိုမူ ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေ့နေများကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီးခွန်ဥက္ကာမှကမကထပြုစီစဉ်ခဲ့သည်။

၎င်းအခြေခံဥပဒေမူကြမ်းရေးဆွဲမှုသည် အတိုက်အခံအဖွဲ့အစည်းများမှ စစ်မှန်သောပြည်ထောင်စုပေါ် ထွန်းရေး လှုပ်ရှားမှု၏ တစ်ပိုင်းတစ်စ ဖြစ်သည်။ ပြည်ထောင်စုအခြေခံဥပဒေ ပထမမူကြမ်းကို လွန်ခဲ့သော မေလကရေးဆွဲပြီးစီးခဲ့ပြီး ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

သျှမ်းပြည်အဖြစ် အသိများကြသော ယနေ့သျှမ်းပြည်နယ်သည် ၁၉၄၈ မတိုင်မီက ပြည်ထောင်စုသျှမ်းပြည်အဖြစ်တည်ရှိခဲ့ပြီး စော်ဘွားများအုပ်ချုပ်သည့် ၃၄ ပြည်နယ်ဖြင့် ဖွဲ့စည်းထားသည်။ ၄င်းတို့မှာ သျှမ်း ၂၁ ပြည်နယ်၊ ဓနု ၇ ပြည်နယ်၊ ပအိုဝ်း ၂ ပြည်နယ်၊ ဝ ၁ ပြည်နယ် ၊ ကယန်းခေါ် ပဒေါင် ၁ ပြည်နယ် ၊ ပလောင် ၁ ပြည်နယ်နှင့်ကိုးကန့် ၁ ပြည်နယ်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ❑

# နအဖ တပ်မှ တပ်သား၂ ဦး လက်နက်နှင့်အတူ ထွက်ပြေး

၁၅၊၅၊၂၀၀၇ က သျှမ်းပြည်တောင်ပိုင်းမှ သတင်းပေးပို့ချက်အရ ခိုလမ်အခြေစိုက် နအဖ စစ်သား ၂ ယောက်သည် ပြီးလကုန်က ၄င်းတို့အရာရှိ၏ပစ္စတိုအပါအဝင် သေနတ် ၅ လက်နှင့်အတူ စစ်စခန်းမှထွက်ပြေးကြောင်းဆိုပါသည်။

၂၅၊၄၊၂၀၀၇ က မိုင်းနောင် စကခ ၂ လက်အောက်ခံ နမ့်စန်အခြေစိုက် ခမရ ၅၁၆ မှ တပ်သား ၂ ယောက်သည် MA သေနတ် ၄ လက်နှင့်၄င်းတို့ ဗိုလ်ထံမှခိုးယူလာသော ပစ္စတိုသေနတ် ၁ လက် စုစုပေါင်း ၅ လက်ကို ယူဆောင်ကာထွက်ပြေးသွားကြောင်းဆိုပါသည်။ အဆိုပါစစ်သား ၂ ဦးသည် နမ့်စန်မြို့နယ် ခိုလမ်ကျေးရွာအုပ်စုအနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ နမ့်မောင်းတံတား လုံခြုံရေးမှ စစ်သားများဖြစ်သည်။ ၄င်းတို့ထွက်ပြေးပြီး ခမရ ၅၁၆ မှအင်အားအယောက် ၅၀ ခန့်ကလိုက်လံရှာဖွေရာ ၂၇၊၄၊၂၀၀၇ တွင်ခိုလမ်အနောက်မြောက်ဘက် ၇ မိုင်အကွာ ဟိုင်းလီိုင်ကျေးရွာအုပ်စု ဝမ်လိုင့်ရွာအနီး တောင်ပေါ် ရှိယန်းလမ်ရွာ၌ တစ်ယောက်အား ဖမ်းဆီးပစ်သတ်ခဲ့ပြီး ကျန်တစ်ယောက်မှာသေနတ် ၃ လက်နှင့်အတူ ထွက်ပြေးလွတ်မြောက်လျှက်ရှိသည်ဟု ဆို၏။

နိုင်ငံအဝှမ်း နအဖ စစ်တပ်မှ တပ်ပြေးများလစဉ်နှင့်အမျှရှိနေပြီး ပျှမ်းမျှတစ်လလျှင် ထောင်ချီလျှက်ရှိကြောင်း ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးအင်အားစုသုတေသနနှင့်မှတ်တမ်းတင်ဌာန NDD သတင်းကသတင်းထုတ်ပြန်ခဲ့ဖူးသည်။ ❑

# ဗိုလ်ချုပ်ဆေထဲန်နှင့် ဘ၀ဖြတ်သန်းမှု

ဗိုလ်ချုပ်ဆေထဲန့်ကို ၁၉၃၇ မတ်လ ၁ ရက်နေ့က ဆဲန့်ဝီခေါ် သိန္နီမြို့မှာဖွားမြင်ခဲ့ပါတယ်။ မိဘတွေကတော့ ဦးထွန်းစိန်နဲ့ ဒေါ်ထွေးတို့ဖြစ်ပါတယ်။ ၁၉၅၆ သီပေါမြို့အထက်တန်းကျောင်းမှာ ၁၀ တန်းအောင်ပြီး ဘူမိဗေဒဘာသာရပ်နဲ့ မန္တလေး၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာ တတိယနှစ်အထိ ပညာသင်ကြားခဲ့တယ်။

၁၉၅၉ ဇန္နဝါရီလ ၁၉ မှာ ကျောင်းထွက်ပြီး ထိုင်းနယ်စပ် လွယ်မအန်ခန် စခန်းအခြေစိုက် နုံစစ်ဟန်အဖွဲ့ထဲဝင်ပြီးလက်နက်ကိုင်တော်လှန်ရေးစတင်ဆောင်ရွက်ခဲ့တယ်။ ၁၉၆၃ ခုနှစ် ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ တော်လှန်ရေးအစိုးရနဲ့ ရန်ကုန်မြို့အင်းယားလမ်းခြံအမှတ် ၁၄ မှာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့တယ်။ ဆွေးနွေးပွဲကို **SSA** အဖွဲ့ကိုယ်စားလှယ်အဖြစ် စဝ်ဆေဝိုင် ခေါ် စဝ့်စန့်ယောင်ဟွေ့၊ စိုင်းပန် ခေါ် စဝ်ပင်းတိုင်း တို့နဲ့အတူတက်ရောက်ခဲ့တယ်။ **SSA** အနေနဲ့တန်းတူညီမျှရေးနဲ့ကိုယ်ပိုင်ပြဌာန်းခွင့်အတွက်အခြေခံထားဆွေးနွေးခဲ့တယ်။ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်တဲ့အတွက် အဲဒီတုန်းက **SSA** နာယကဖြစ်တဲ့ မဟာဒေဝီ စဝ်နန်းဟိန်းခမ်းရဲ့ ဦးဆောင်မှုအောက်မှာ လက်နက်ကိုင်တော်လှန်ရေး ဆက်လက်ဆင်နွှဲခဲ့တယ်။



Photo : SHAN

၁၉၇၆ က အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **NDF** ကို **KNU** နယ်မြေမှာဖွဲ့စည်းခဲ့တဲ့နောက်ပိုင်း **SSA** ရဲ့ မူဝါဒလမ်းစဉ်ဖြစ်တဲ့ သျှမ်းပြည်လွတ်လပ်ရေးအစား တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် အခြေခံတဲ့ စစ်မှန်တဲ့ပြည်ထောင်စုမူကို ပြောင်းလဲကျင့်သုံးရာမှာ ဦးဆောင်ပါဝင်ပြဌာန်းခဲ့ပါတယ်။

၁၉၈၉ မှာ နဝတ စစ်အစိုးရနဲ့ ငြိမ်းချမ်းရေးရယူခဲ့တယ်။ ၁၉၈၉ မှာ လော်ရှင်းဟန်နဲ့ ဦးလော်ရှင်းမင် တို့က **SSA** ကိုငြိမ်းချမ်းရေးယူဖို့သွားရောက်ကမ်းလှမ်းခဲ့တယ်။ **SSA**အဖွဲ့အနေနဲ့ငြိမ်းချမ်းရေးကိုလိုလားတယ်။ ဒါပေမဲ့မိမိရဲ့ နိုင်ငံရေးဦးတည်ချက်အတွက် လက်နက်ကိုင်လမ်းစဉ် အကောင်အထည်ဖေါ်နေတဲ့အတွက် မိမိတို့ရဲ့ နိုင်ငံရေးဦးတည်ချက်ကိုစွန့်လွှတ်ပြီး ငြိမ်းချမ်းရေးမယူနိုင်ဘူး။ နိုင်ငံရေးဦးတည်ချက်ကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖေါ်နိုင်ရင် ငြိမ်းချမ်းရေးယူမယ်လို့ပြောတယ်။ အဲအခါမှာ လော်ရှင်းဟန်နဲ့ လော်ရှင်းမင်က "*နဝတ လူကြီးတွေမှာလိုက်တာက ခင်ဗျားတို့ရဲ့ နိုင်ငံရေးဦးတည်ချက်ကို ဆက်လက်ထိန်းသိမ်း အကောင်အထည် ဖေါ်သွားဖို့လုပ်နိုင်တယ်လို့ ပြန်ကြားချက်ရတယ်*" လို့ပြောတယ်။ ဒါကြောင့်မို့လို့ ၁၉၈၉ ခု မေလထဲမှာ စတင်ဆွေးနွေးပြီးတော့ နိုဝင်ဘာလထဲမှာ ငြိမ်းချမ်းရယူခဲ့တယ်။ အဲတုန်းက သူတို့နဲ့အတူ နဝတ စစ်တပ်ဖက်က ပါဝင်ဆွေးနွေးတဲ့ပုဂ္ဂိုလ်တွေကတော့ အရင် ရပခတိုင်းမှူး အခုဗိုလ်ချုပ်ကြီးမောင်အေး၊ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွှန့်၊ ရမခတိုင်းမှူး ဗိုလ်ချုပ်မောင်သင့်တို့ပါဝင်တယ်လို့သိရတယ်။ နိုင်ငံရေးကို လက်နက်ကိုင်တော်လှန်တဲ့နည်းမဟုတ်ပဲနဲ့ ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဆက်လက်ဆောင်ရွက်လိုတဲ့အတွက် ငြိမ်းချမ်ရေးယူခြင်းဖြစ်တယ်။

အမျိုးသားညီလာခံကို **SSA** အနေနဲ့ ၁၉၉၃ ကနေစပြီးတက်ခဲ့တယ်။ အဲမှာ **SSA** ရဲ့ အဓိက နိုင်ငံရေးလမ်းစဉ်ကိုကြည့်မယ်ဆိုရင် **SSA** အနေနဲ့တန်းတူညီမျှမှုရှိတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ကို လက်ခံလို့ဆက်တက်တယ်။ ပြည်ထောင်စုမူနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံမှာ ပါဝင်ဆွေးနွေးခွင့်ရှိမယ်၊ တင်ပြခွင့်ရမယ်လို့ မျှော်လင့်ပြီးတက်တာဖြစ်တယ်။ ဘာဖြစ်လို့လဲဆို တော့ ငြိမ်းချမ်းရေးစတင်ယူတဲ့အချိန်ကဘဲ သက်ဆိုင်ရာ နဝတ လူကြီး တွေနဲ့ ညှိနှိုင်းဆွေးနွေးတဲ့အချိန်မှာ **"ခင်ဗျားတို့အနေနဲ့ ကိုယ့်ရဲ့ နိုင်ငံရေးဦးတည်ချက်အတိုင်း ဆက်လက်ထိန်းသိမ်းအကောင်အထည်ဖော်ခွင့်ရှိတယ်"** လို့လူကြီးတွေကပြောခဲ့တာကိုး။ အဲဒီကတိတွေကို မြင်ပြီး အမျိုးသားညီလာခံကို ဆက်တက်ခဲ့တာဖြစ်တယ်။

အမျိုးသားညီလာခံမှာ ငြိမ်းချမ်းရေးအဖွဲ့ ၁၃ ဖွဲ့က ပြည်ထောင်စုစစ်စစ်မူကိုတောင်းဆိုခဲ့တယ်။ ဒီအထဲမှာ **SSA** အဖွဲ့လည်းပါတယ်။ သူတို့ဖော်ပြထားတဲ့အတိုင်း "ပြည်ထောင်စုစစ်စစ်ပုံသဏ္ဍာန်ဆိုတာက ခွဲထွက်ဖို့မဟုတ်ဘူး။ အဲဒီအတွက်ကြောင့် အမျိုးသားညီလာခံမှာသော်လည်းကောင်း၊ မီဒီယာမှာသော် လည်းကောင်း၊ ရဲရဲတင်းတင်းတောင်းဆိုရဲတယ်။" အဲဒါ သူတို့အမြဲတမ်းပြောနေတဲ့ စကားပါ။

အရင် ဗိုလ်ချုပ်ကြီးမောင်အေးတို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ချိန်က စပြီးတော့မှ နောက်ဆုံးဘယ်နိုင်ငံရေး အကျဉ်းသားတွေအပေါ် မချဖူးတဲ့ ထောင်ဒဏ်နှစ် ရာကျော်ကို ဗိုလ်ချုပ်ဆေထဲန်အပေါ် အာဃာတကြီးကြီးနဲ့ ထောင်ဒဏ်နှစ်ရှည်ချခဲ့တာကတော့ သျှမ်းအမျိုးသားတွေ ခံစားရတဲ့ နိုင်ငံရေးဒဏ်ပဲလို့ သဘောရပါတယ်။ ၁၉၄၇၊ ၁၉၅၈ ကတည်းက သျှမ်းပြည်ကိုယ်စားပြုပုဂ္ဂိုလ်တွေအနေနဲ့ တန်းတူညီမျှတဲ့ အခွင့်အရေးတွေ၊ ဒီမိုကရေစီပြည့်ဝတဲ့ ပြည်ထောင်စုစစ်စစ်မူတွေကို တချိန်လုံးစွဲကိုင်လာခဲ့တော့ ဒီနေ့ဒီအချိန်မှာလည်းဘဲ ငြိမ်းချမ်းရေးသာယူခဲ့ရတယ်။ ငြိမ်းချမ်းရေးမယူခင်က ငြိမ်းချမ်းရေးရပါစေတော့ဆိုပြီး **ခင်ဗျားတို့တန်းတူညီမျှခွင့်တောင်းခဲ့တာကို လက်ခံတယ် တင်ပြပါ** လို့

နဝတဘက်ကဆိုလာတယ်။တကယ်တမ်းအမျိုးသားညီလာခံမှာတောင်း ဆိုတော့ နအဖ ဘက်ကလက်မခံတဲ့အနေအထား ရောက်သွားတယ်။

ဘာဘဲဖြစ်ဖြစ် ဗိုလ်ချုပ်ဆေထဲန့်နဲ့ပတ်သက်ပြီး နဝတ က ထုတ်ပြန်တဲ့ တပ်မတော်သမိုင်း ၁၉၈၈ နဲ့ ၁၉၉၃ ဒသမတွဲမှာ ဒီလို ဖော်ပြထားတာတွေ့ရတယ်။ *"၁၉၈၉ အောက်တိုဘာလအတွင်းတွင် ဦးဆေထဲန့်သည် ယင်း၏ SSA တပ်ဖွဲ့အတွင်းရှိ လက်အောက်ခံတပ် များကိုပိုင်နိုင်စွာစည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ထို့အပြင် ယင်း၏နယ် မြေအတွင်းရှိ ပြည်သူအားလုံးအား ငြိမ်းချမ်းရေးရယူမှုဆောင်ရွက်ချက် များကို ရှင်းလင်းပြောကြားခဲ့ရာ နယ်မြေလူထုက ဝမ်းမြောက်ဝမ်းသာ ထောက်ခံကြိုဆိုခဲ့ကြသည်။ ၁၉၈၉ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ခင်ညွန့်ခေါင်းဆောင်သော အဖွဲ့နှင့် SSA မှ ဦးဆေထဲန့်တို့ တွေ့ဆုံဆွေးနွေးသည့် SSA တစ်ဖွဲ့လုံး ဥပဒေဘောင်အတွင်း ဝင်ရောက် မှုကို အတည်ပြုဆောင်ရွက်ပေးခဲ့သည်။ ဦးဆေထဲန့် ဦးဆောင်သည့် SSA အဖွဲ့သည် ၁၉၈၉ နိုဝင်ဘာလ၁၀ရက်နေ့တွင် ငြိမ်းချမ်းရေးရယူ ပြီး တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကာ နိုင်ငံတော်အစိုးရ က ယင်းတို့နယ်မြေကို* ***သျှမ်းပြည်မြောက်ပိုင်း အထူးဒေသ ၃*** *အဖြစ် သတ်မှတ်၍ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။"* ဆိုပြီးတော့ သမိုင်းမှတ်တမ်းတင် ထားတာတွေ့ရတယ်။

ငြိမ်းချမ်းရေးစယူတုန်းကလည်း ကတိကဝတ်တွေရှိခဲ့တယ်။ နဝတ/နအဖ တပ်မတော်သမိုင်းမှာလည်းဘဲ ဗိုလ်ချုပ်ဆေထဲန့်ကို ဂုဏ်ပြုအမွှမ်းတင်ထားတာရှိတယ်။ ဒါပေမဲ့သျှမ်းပြည် အတိုင်ပင်ခံ ကောင်စီလည်းဖွဲ့ရော(ကချင်ပြည်နယ်မှာ အတိုင်ပင်ခံကောင်စီလို နည်း လမ်းမျိုး) သူ့ကျမှ ခွဲထွက်ရေးလုပ်ဖို့၊ နိုင်ငံတော်ပုန်ကန်မှုလုပ်ဖို့ဆိုပြီး တော့ တစ်ဘက်သတ်စွပ်စွဲထောင်ချခဲ့တာကတော့ အင်မတန်မှ အံ့သြ စရာကောင်းတဲ့ နအဖ ဥပဒေလို့ သုံးသပ်မိပါတယ်။ တကယ်လို့များ ဗိုလ်ချုပ်ဆေထဲန်နဲ့တွေ့ဆုံပြီးစကားပြောရရင် *"ငြိမ်းချမ်းရေး ယူမိတာ တန်ကောတန်ရဲ့လားဆိုတာနောင်တရမိမလားလို့သံသယဖြစ်မိမယ်။"* လို့သူ့စိတ်ထဲမှာ ဒီလိုတွေးကောင်း တွေးမိပါလိမ့်မယ်။

သျှမ်းပြည်မှာ မူးယစ်ဆေးဝါးစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်ဆေထဲန့်ရဲ့သဘောထားကလည်း လက်မခံဘူး၊ ဘိန်းစိုက်ပျိုး မယ့်အနေအထားတစ်ခုခုကိုလည်းပဲလက်မခံဘူး၊အားပေးအားမြောက် ပြုတာမတွေ့ရပါဘူး။ တချိန်က ကမ္ဘာမှာနာမည်ကြီးခဲ့တဲ့ MTA အဖွဲ့နဲ့လည်း ချဉ်းကပ်တာပူးပေါင်းတာမတွေ့ခဲ့ရဘူး။ ဒါကြောင့် ဘိန်းနဲ့ပတ်သက် ပြီး ဗိုလ်ချုပ်ဆေထဲန့် ကင်းရှင်းတယ်လို့ မြင်ပါတယ်။

သျှမ်းပြည်တိုင်းရင်းသား အုပ်စုငယ်တွေအပေါ် ဗိုလ်ချုပ်ဆေ ထဲန့်ရဲ့ သဘောထားကတော့ အတိုင်ပင်ခံကောင်စီဖွဲ့တုန်းကသူတို့ ရဲ့ရည်ရွက်ချက်မှာ **သျှမ်းပြည်အတိုင်ပင်ခံကောင်စီ** မှာ အင်းသား၊ ဓနု စတာတွေပါတယ်။ အဲဒါတွေမပါ ပါအောင်ဗိုလ်ချုပ်ဆေထဲန့်တိုက်တွန်း ပြီးစည်းရုံးခဲ့တယ်။သျှမ်းပြည်မှာရှိတဲ့တိုင်းရင်းသားတွေ ကိုးကန့်ဖြစ်ဖြစ်၊ ဝဖြစ်ဖြစ်၊ ပအိုဝ်း၊ပလောင်၊လားဟူဖြစ်ဖြစ် တန်းတူအခွင့်အရေးပေး ချင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်။ သူ့အနေနဲ့ SSA ရဲ့ ဥက္ကဋ္ဌတစ် ယောက်အဖြစ်သော်လည်းကောင်း၊ သူ့ရဲ့ပုဂ္ဂိုလ်ရေးအရ သော်လည်း ကောင်း၊ လော်ရှင်းဟန်၊ လော်ရှင်းမင်၊ ဝတွေ၊ ဒီပြင်တိုင်းရင်းသား ခေါင်း ဆောင်တွေနဲ့ ပလဲနံပသင့်အမြဲတမ်းဝင်ထွက်ဆက်ဆံနေတဲ့ သူ့သမိုင်း ကိုကြည့်ရင်သိနိုင်ပါတယ်။ ဒါကြောင့် သူဟာတန်းတူညီမျှရေးကို လက်ခံတဲ့ပုဂ္ဂိုလ်ပီပီ အခြားတိုင်းရင်းသား အုပ်စုတွေအနေနဲ့လည်း သူ့ရဲ့တန်းတူညီမျှမှုအပိုင်းကို လက်ခံရရှိစေချင်တဲ့ စေတနာရှိတယ် လို့မြင်ပါတယ်။

*"ဗိုလ်ချုပ်ဆေထဲန့်ဟာ နိုင်ငံရေးသာလုပ်နေတယ်။ တကယ် တမ်းတော့ သူဟာကျောင်းဆရာအလုပ်ကိုဝါသနာပါတယ်။ ဘာလို့ လည်းဆိုတော့ ကျနော်တို့ကိုအမြဲတမ်း အင်္ဂလိပ်စကားနဲ့ပြောတယ်။ နိုင်ငံရေးစာအုပ်တောင်မှ အင်္ဂလိပ်လို ရေးထားတဲ့ စာကိုဖတ်ခိုင်းတယ်။ ကျနော်တို့ကို အင်္ဂလိပ်စာလေ့လာဖို့အမြဲတမ်းပြောတယ်။အခုထောင် ထဲမှာတောင်မှ အနီးအနားကပုဂ္ဂိုလ်တွေကို အင်္ဂလိပ်စာသင်ပေး တယ်လို့သတင်းကြားရပါတယ်။ ဒါတွေက သူ့ရဲ့မှတ်မှတ်ရရ အကျင့် စရိုက်လေးတွေဖြစ်ပါတယ်။"*

**SNLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်၏ ရှင်းလင်းချက်ဖြစ်သည်။
**DVB ၁၇ နှစ်မြောက်ရွေးကောက်ပွဲ အထူးအစီအစဉ်** (23/5/07)

**ဒုတိယ ရာဇာလီ သာဖြစ်မည်လော**

STEPHFF's VIEW stephff@loxinfo.co.th



# ညောင်နှစ်ပင်နဲ့ အေးလွှင်အဖွဲ့ကို EYNG ဆန့်ကျင်

ရန်ကုန်အခြေစိုက် တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ EYNG က သူတို့တိုင်းရင်းသားဒေသတွေမှာ ညောင်နှစ်ပင်ထောက်ခံတာတွေ၊ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးတွေသွားဟောပြောရင် ပြတ်ပြတ်သားသားဆန့်ကျင်မယ်လို့ သတိပေးပြောကြားပါတယ်။ ဂဂဂဂ အေးလွင်အဖွဲ့နဲ့ ဝံသာနု NLD တို့လို အဖွဲ့တွေ တိုင်းရင်းသားဒေသမှာ ဟောပြောရင်ဆန့်ကျင်မယ်လို့ အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ စောရွှေသန်းကအခုလို ပြောပါတယ်။

"ညောင်နှစ်ပင်ဆိုတာ တိုင်းရင်းသားလူထုဆန္ဒ လုံးဝပါတာမဟုတ်။ သူတို့မူ အတည်ဖြစ်သွားရင် ဗမာအပါအဝင် တိုင်းရင်းသားအားလုံး တပြေးညီဒုက္ခတွေခံစားရမယ်။ လက်ရှိအခြေအနေမှာ လွတ်လပ် စွာပြော ရေးဆိုခွင့်ဆိုတာသူတို့ဘဲရှိတယ်။ သူတို့က ညောင်နှစ်ပင်ထောက်ခံရေးတို့ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးတို့ကျတော့ လုပ်ခွင့်ရတယ်။ ကောင်းပြီ ၊ အခြားအတိုက်အခံ နိုင်ငံရေး ပါတီတွေကျတော့ကော လွတ်လပ်စွာပြောဆိုခွင့်မရှိဘူးလား၊ မေးစရာရှိလာပါတယ်။

"Sanctionကန့်ကွက်ရေးကိုလဲကျနော်တို့လုံးဝဆန့်ကျင်တယ်။ ကျနော်တို့ကတော့ တိုင်းရင်းသားလူထုဘက် မားမားမတ်မတ်ရပ်တည်ကာကွယ်သွားရဖို့တာဝန်ရှိတယ်။ ၂၈ သန်းသော တိုင်းရင်းသား ပြည်သူတွေဘက်က မားမားမတ်မတ်ရပ်တည်သွားမယ်။ အာဏာပိုင်တွေဘဲဖြစ်ဖြစ် သူတို့ရဲ့လက်ကိုင်တုတ်ဘဲဖြစ်ဖြစ် နိုင်ငံရေး အင်အားသုံးပြီးဆန့်ကျင်ရမယ်။"

"ညောင်နှစ်ပင် အပစ်ရပ်အဖွဲ့တွေဆီ ကျနော်တို့ EYNG က စာတွေပေးပို့ပါတယ်။ ကနေ့ ပြည်သူလူထုရဲ့ မျက်နှာကိုထောက်ရှုပြီးတော့ လူထုဆန္ဒမပါတဲ့ ဒီညီလာခံကိုဆန့်ကျင်ကြဖို့ စာတမ်းတွေပို့တယ်။ သွယ်ဝိုက်ပြီးတော့လည်း ဆွေးနွေးဖူးပါတယ်။ အဲဒီထဲက ကယန်းပြည်သစ်ပါတီ ဆိုရင် *"ညောင်နှစ်ပင်ကချတဲ့မူတွေကို ထောက်ခံသင့်တာတွေထောက်ခံတယ်။ မထောက်ခံသင့်တာ တွေတော့ ခေါင်းငြိမ့်မှာမဟုတ်ဘူး"* လို့ကျနော်တို့ကိုရှင်းပြဖူးပါတယ်။မွန်ပြည်သစ်ပါတီကလည်းဒီအတိုင်းပါဘဲ။ ကျနော်တို့သွယ်ဝိုက်ပြီးဆက်ဆံတဲ့နေရာမှာ ဒီသဘောထားတွေတွေ့ရလာပါတယ်။အချိန်ကအဆုံးအဖြတ်ပေးမှာပါ။"

"EYNG ဟာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတယ်ဆိုတဲ့အထောက်အထားကတော့ လူငယ်တွေဟာ တိုင်းရင်းသားရင်ထဲကမွေးလာတဲ့သားသမီးတွေပါ။ ကျနော်တို့ ၁၂၊၂၊၂၀၀၃ ပြည်ထောင်စုနေ့ အထင်ကရ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ဖွဲ့စည်းထားတဲ့အင်အားစုတွေ ရန်ကုန်မှာဆုံကြပါတယ်။ ကျနော်တို့ရဲ့ EYNGကိစ္စကိုလည်းဆွေးနွေးခဲ့ကြပါတယ်၊အတည်ပြုပေးခဲ့ကြပါတယ်။ သက်သေအထောက်အထားတွေရှိပါတယ်၊ ၂၀၀၄တောင်ကြီးမှာ အစည်းအဝေးလုပ်ခဲ့ကြသေးတယ်။ ငြိမ်းအဖွဲ့တွေပါတယ်။ တသီးပုဂ္ဂလနိုင်ငံရေးသမားတွေပါတယ်။ တိုင်းရင်းသား နိုင်ငံရေးအုပ်စုတွေလဲပါတယ်။ဒီပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း EYNG ကိုထပ်ပြီး အတည်ပြုပါတယ်၊ ဒီညီလာခံတွေမှာ အထောက်အထားတွေရှိပါတယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါအရ အသေးစိတ်မဖော်ပြနိုင်ပါဘူး"

BBC 13/ 6/ 2007



# ညောင်နှစ်ပင်မှာ သမိုင်းဝင်ဖို့ ရဲရဲတင်သင့်

“ဖွန်လ ၅ ရက်နေ့တုန်းက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဌ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ကလာမယ့် ဇူလိုင်လ ၁၈ ရက်မှာ အမျိုးသားညီလာခံကို ပြန်လည်စတင်မယ်။ (၁) ဒီညီလာခံကနောက်ဆုံးညီလာခံ၊ (၂)ဒီညီလာခံမှာအရင်တုန်းကမဆွေးနွေးရသေးတဲ့ အခန်းတွေကိုဆွေးနွေးသွားမယ်၊ အရင်တုန်းက သဘောတူဆွေးနွေးထားတဲ့ အချက်အလက်အတွေကိုလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အမှားအယွင်းမရှိရအောင် ပြင်ဆင်တာတွေရှိမယ်။ ဖြည့်စွက်တာတွေ ရှိမယ်လို့ ပြောသွားတယ်။”

**ဝင်းနိုင်ဦး**

“၂၀၀၄ ခုနှစ် မေလ ၁၄ ရက် အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရဲ့တင်ပြချက်တွေကို ကျနော်တို့အပြည့်အဝထောက်ခံတဲ့အကြောင်း၊ ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ထုတ်ပြန်ကြေငြာခဲ့ပါတယ်။ တိုင်းရင်းသား တွေတော်လှန်ရေးလုပ်တာကိုယ်ပိုင်ပြဌာန်းခွင့်အတွက်လုပ်တာ ဒီမိုကရေစီအတွက်တိုက်ပွဲဝင်နေတာဟာနှစ်ပေါင်း ၅၀ ကျော်နေပြီ။ ဒီလိုအခွင့်အရေးတွေကို နအဖအနေနဲ့ပေးတာ မပေးတာတပိုင်းထား၊ ကျနော်တို့လိုချင်တာကို ဒီအမျိုးသားညီလာခံစင်မြင့်ကိုအသုံးချပြီးတော့မှပြည်သူလူထုကို တင်ပြသင့်တယ်။ သမိုင်းမှာတွင်ကျန်ရစ်အောင် ကျနော်တို့လိုချင်တာကို တကယ်တင်ပြသင့်တယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို ကျနော်အားပေးချင်တာက ဒါဟာနောက်ဆုံးတပွဲဘဲဖြစ်တယ်။ ဒီနောက်ဆုံးတပွဲမှာ ရဲရဲရင့်ရင့်နဲ့လုပ်သင့်လုပ်ထိုက်တာကို သူတို့ခံစားတဲ့အတိုင်းတင်ပြဆွေးနွေးသင့်တယ်။ နအဖ ကလက်ခံရင်ကောင်းတယ်။ နအဖက လက်မခံရင်တောင် ပြည်သူလူထုနားလည်အောင် သမိုင်းမှာတွင်ကျန်ရစ်အောင် ကျနော်တို့ဘာအတွက်ကြောင့် လက်နက်ကိုင်တော်လှန်ရေးလုပ်သလဲ ကျနော်တို့ဘာအတွက်ကြောင့် ဒီအရေးတော်ပုံကြီးကိုဆောင်ရွက်နေသလဲဆိုတာ သမိုင်းမှာ တွင်ကျန်ရစ်မဲ့အလုပ်မျိုး ဒီအချိန်မှာလုပ်သင့်တယ်။”

**ဒေါက်တာ ဆလိုင်းလျန်မုန်း**

“အခုအနေအထားက တိုင်းရင်းသား တွေတင်ပြနေတဲ့အဆင့်က ပင်လုံသဘောတူညီချက်တို့၊ ၁၉၆၁ က ပြည်ထောင်စုလှုပ်ရှားမှုတို့ အဆင့်လောက်အထိ မရောက်ပေမဲ့ အခုတင်ပြတဲ့သူတွေက ဖြစ်နိုင်ချေရှိတဲ့ဟာကိုပဲတင်ပြတာဖြစ်တယ်။”

**စောဒေးဗစ်ထော**

“ကျနော်တို့လိုလားတဲ့ဟာကိုတော့ ရဲရဲတင်ရမယ်။ ဒါပေမဲ့ ချက်ချင်းကြီး နအဖ က အကုန်လုံးလက်ခံမယ်ဆိုတာတော့ မဖြစ်နိုင်ဘူး။ လက်မခံနိုင်တဲ့အချက်တွေရှိတယ်၊ ကျနော်တို့ကလည်း လိုလားတဲ့အချက်တွေရှိတယ်။ နှစ်ဖက်နားလည်မှု တည်ဆောက်နိုင်ရင်တော့ လမ်းတဝက်လောက်ရောက်နိုင်ပါတယ်”

**စဝ်ဟန်ယောင်ဟွေ**

“နောက်ကြောင်းပြန်ကောက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားကိစ္စအတော့ကို အဓိကကျပါတယ်။ ၁၉၆၁ တုန်းက နိုင်ငံရေး အကျပ်အတည်းဆိုက်တယ်။ ကျပ်တဲ့ကိစ္စကလည်း တိုင်းရင်းသားကိစ္စ၊ တိုင်းရင်းသားတွေက အရင်မူလပေးထားတဲ့ ကတိကဝတ်တွေအတိုင်း ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော် မဆောင်ရွက်တဲ့အတွက်ဖြစ်တယ်။ ဆွေးနွေးနေတဲ့အချိန်မှာပဲ စစ်တပ်က အာဏာသိမ်းတယ်။ တိုင်းရင်းသားကိစ္စကိုပဲ အကြောင်းပြုပြီးသိမ်းတာပဲ။ ဆိုတော့ တိုင်းရင်းသားကိစ္စက အတော့ကိုအရေးကြီးနေတယ်။ အရေးကြီးနေတော့ ဒီတိုင်းရင်းသားအဖွဲ့တွေ ညီလာခံမှာတင်ထားတဲ့ အချက်တွေဟာ ပင်လုံညီလာခံတုန်းက လိုချင်သလောက်တောင်မရှိဘူး။ ၁၉၆၁ တုန်းကတောင်းထားသလောက်တောင်မရှိဘူး။ တော်တော်လျှော့ထားတယ်။လျှော့ပြီးမှတင်တာတောင်သူတို့ကမပေးဘူး။အပစ်ရပ်NDA-K ကချင်ဒီမိုကရက်တစ်တပ်မတော် ဥက္ကဌ ဦးဇခုန်တိန့်ယိင်းဟိုတလောကပြောခဲ့တာက **“အခြေခံဥပဒေ တခုမဟုတ်တခုတော့ ထွက်လာစေချင်ပါတယ်။ ဗမာပြည်ရဲ့ နိုင်ငံရေးဆိုတာကို ဗမာလူမျိုးတွေကလည်း ဒီအတိုင်းပဲ တနေရာမှာရပ်နေမှာ မဟုတ်ပါဘူး။ သူ့ဟာနဲ့သူ အခြေအနေအလိုက် ပြောင်းလဲသွားကြ လိမ့်မယ်လို့ ကျနော်တော့ယုံကြည်တယ်”** တဲ့။ ဆိုတော့ ဗမာတွေပေးမှရမယ့်အနေအအထားမျိုး သဘောထားမျိုးဖြစ်နေတယ်။”

**ဝင်းနိုင်ဦး**

“ပြည်ထောင်စုဖွဲ့စည်းတဲ့အချိန်မှာရော၊ ပြည်ထောင်စုပြန်လည်တည်ဆောက်တဲ့အချိန်မှာရော ဗမာတွေလုပ်ပေးမှ ဆိုတဲ့ အမြင်မျိုး ကျနော်တို့မှာမရှိပါဘူး။ဒီပြည်ထောင်စုကို တိုင်းရင်းသားအားလုံးလည်းပိုင်ပါတယ်။ တိုင်းရင်းသားအားလုံးနဲ့လည်းဆိုင်တယ်။”

**ဒေါက်တာဆလိုင်းလျန်မှုန်း**

“နအဖက အခုလိုမျိုးညီလာခံပြီးသွားမယ်။ အခြေခံဥပဒေထွက်လာမယ်။ လူထုဆန္ဒခံယူပွဲမှာလည်း နိုင်သွားတယ်ဆိုရင်တောင်မှ ထွက်လာတဲ့အခြေခံဥပဒေက တကယ်တရားမျှတမှုမရှိဘူး။ လူထုအတွက် တကယ်အကျိုးမပြုဘူးဆိုရင် နအဖ ကအောင်မြင်တယ်လို့ ဘယ်လိုပဲကြေငြာ ကြေငြာ သူမအောင်မြင်နိုင်ဘူး။ သူလုပ်ချင်တာလုပ်ပါစေ၊ မအောင်မြင်နိုင်ဘူး။ မအောင်မြင်နိုင်ဘူးဆိုတာက အခြေခံဥပဒေတော့ရမယ်။ တိုင်းပြည်မတည်ငြိမ်နိုင်ဘူး။ ဒီပြဿနာ မရှင်းနိုင်ဘူးဆိုတာကို ပြောချင်တာဖြစ်တယ်။ အပစ်အခတ်ရပ်စဲတဲ့အဖွဲ့ရော၊ အပစ်အခတ်မရပ်စဲရတဲ့အဖွဲ့ရော ဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက မိမိတို့ရဲ့လူမျိုးအရေးအတွက် တိုက်နေတာဖြစ်ပါတယ်။ ဘယ်လိုမှ လျှော့မှာမဟုတ်ဘူး။ သူ့လူမျိုးအတွက် အကျိုးမရှိရင် လုပ်မယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး”

**စဝ်ဟန်ယောင်ဟွေ**

"ကျနော်တို့ ENC က တိုင်းရင်းသားအရေးကိုပဲကွက်ပြီး တော့လုပ်တာမဟုတ်ပါဘူး။ ပြည်ထောင်စုတဝှမ်းလုံးအတွက် ခိုင်မာဖို့၊ ငြိမ်းချမ်းဖို့၊ လွတ်လပ်သာယာဖို့အတွက် အားလုံးဝိုင်းပြီးလုပ်တာ ဖြစ်ပါတယ်။ ရည်ရွယ်အချက်အတွက်ဝိုင်းလုပ်တဲ့နေရာမှာ လုပ်ပုံ လုပ်နည်းတွေ ကွဲပြားကောင်းကွဲပြားမယ်။ ကျနော်တို့ ရည်ရွယ်ချက် တွေ အားလုံးကတော့ တူနေမယ်လို့ ကျနော်တို့ထင်ပါတယ်။ တချိန်လုံး တိုင်းရင်းသားအရေးအတွက်၊ အမျိုးသားရေးအတွက်၊ တန်းတူရေး အတွက်၊ ဒီမိုကရေစီအတွက်၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေအနေနဲ့ မိမိတို့လူမျိုး၊ မိမိတို့တော်လှန် ရေးကို သစ္စာဖောက်မှာမဟုတ်ဘူးလို့ကျနော်ယုံကြည်တယ်။"

**ဒေါက်တာဆလိုင်းလျန်မှုန်း**

"အခုလက်ရှိအမျိုးသားညီလာခံက နောက်ဆုံးအခြေ အနေရောက်နေပြီ။ ဒီညီလာခံကြီးလည်းပြီးတော့မယ်။ နောက် ဆိုရင် ပြောရမယ့်အခွင့်အရေးရှိတော့မှာ မဟုတ်ဘူးလို့မြင် ပါတယ်။ နောက်ဆုံးညီလာခံဖြစ်တဲ့အတွက် ပြောသင့်ပြောထိုက်၊ မှတ်တမ်းတင် သင့်တဲ့တင်ပြချက်တွေကို ဘယ်အဖွဲ့အစည်းမဆို ဒီညီလာခံတက်တဲ့ သူတွေက သူတို့သမိုင်းသူတို့ရေးမှာဖြစ်တဲ့အတွက်ကြောင့် နောင်လာနောက်သားတွေ နမူနာယူဖို့ သင့်တဲ့ တင်ပြချက်တွေဖြစ်ဖို့ ကျနော်တိုက်တွန်းချင်တယ်။"

**စောဒေးဗစ်ထော**

**ဇွန်လ ၁၀ ရက် RFA တနင်္ဂနွေစကားဝိုင်းမှ**

# မတရားတဲ့ဥပဒေ ပြည်သူတွေအသိအမှတ်ပြုမှာလား

"သာမာန်ပြည်သူတွေကို အခြေခံအကျဆုံး ရိုးရိုး လေးနဲ့အခွင့်အရေးပေးမယ်ဆိုရင် ကျနော်တို့ဥပဒေဘောင် ကနေစဉ်းစားလို့ရတယ်။ ဥပမာ လွတ်လပ်စွာပြောဆိုစည်းရုံး ခွင့်ဆိုတာကို ရှေ့ကအကန့်အသတ်တွေဘာမှ မထည့်ဘဲနဲ့ အခြေခံဥပဒေမှာ အဲဒီအတိုင်းရှင်းရှင်းရေးကြည့်ပါ။ အခု ဟာက ***"လက်ရှိတည်ဆဲဥပဒေတွေ မထိခိုက်ဘူးဆိုရင်"*** လို့ပြဌာန်းထားတော့ အဲဒီတည်ဆဲဥပဒေတွေကို ဆက်လက် တည်ရှိခွင့်ပေးထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ အဲဒါကို သွားအတည်ပြုခွင့်ပေးလိုက်ရင် လူထုအခြေအနေက ပိုဆိုး သွားမယ်။"

"ဖွဲ့စည်းပုံမှာပါတဲ့အခွင့်အရေးတွေ ပေးထားတဲ့ ဟာ ကိုကိုင်ပြီး တိုက်ရင်ပိုမကောင်းဘူးလားဆိုတဲ့အမြင်က ဖွဲ့စည်း ပုံမှာ အခွင့်အရေးပေးထားတာမဟုတ်ဘဲနဲ့ လက်ရှိစစ် အစိုးရကနေ ဒီမတရားတဲ့ဥပဒေနဲ့ဖိနှိပ်နေတဲ့ဟာကို လူထု က တရားဝင်အသိအမှတ်ပြုပေးလိုက်သလိုဖြစ်နေတယ်။"

**ဦးအောင်ထူး၊ အထွေထွေအတွင်းရေးမှူး**

BLC / 13/6/2007

# နအဖ ဖွဲ့စည်းပုံသရုပ် အုပ်ချုပ်ရေးအာဏာအောက်မှ တရားစီရင်ရေး

"အခြေခံဥပဒေကို နိုင်ငံရေးရှုဒေါင့်တခုထဲကနေ ကြည့်လို့ မရ ပါဘူး။ အခြေခံဥပဒေကို ပဋိပက္ခဖြေရှင်းရေးဘက်ကနေကြည့်တဲ့ အခါမှာ မတူတဲ့ပဋိပက္ခတွေပေါ်နိုင်တယ်။ ဥပမာ ဥပဒေပြုအာဏာကို ခွဲဝေသုံးစွဲတဲ့နေရာမှာ ပဋိပက္ခတွေပေါ်နိုင်တယ်။ ပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရတွေကြား အုပ်ချုပ်ရေး အာဏာကို ကျင့်သုံး တဲ့အခါမှာ ပဋိပက္ခတွေပေါ်နိုင်တယ်။ ပေါ်လာရင် လက်နက်ကိုင်တဲ့ နည်းနဲ့မဖြေရှင်းဘဲနဲ့ အဓိက အားထားရမှာက တရားရုံးတွေဖြစ်ပါ တယ်။"

"အခု နအဖ အခြေခံဥပဒေကို လေ့လာကြည့်ပါ။ တရားရုံး၊ တရားစီရင်ရေးဌာနတွေရှိပါတယ်။ သို့သော် အဲဒီတရားရုံးတွေကို ပဋိပက္ခဖြေရှင်းခွင့်အာဏာ ပေးမထားဘူး။ ဘာ့ကြောင့် ပြောလို့ရသ လဲ?။ ပြည်သူလူထုအားလုံး စဉ်းစားလို့ရတယ်။ တရားသူကြီးချုပ် ကို သမတ ခန့်တယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက် နဲ့ခန့်တယ်။ ဒါပေမဲ့ ပြည်ထောင်စုလွှတ်တော်ကနေ တရားသူကြီး ချုပ်အဖြစ် အရည်အချင်းမပြည့်မီဘူးလို့ သက်သေခံချက် မတင်ပြနိုင် ရင် ကန့်ကွက်လို့မရဘူး။ အုပ်ချုပ်ရေး အာဏာကိုဘဲကိုင်တဲ့ သမတ တွေတရားသူကြီးကဖြုတ်ရင် နိုင်ငံတော်သစ္စာဖောက်ဖျက်တဲ့အခါ၊ ပုန်ကန်တယ်လို့ ယူဆတဲ့အခါ၊ အခြေခံဥပဒေကိုချိုးဖောက်တဲ့အခါ၊ အရည်အချင်းအပြည့်မီဘူးလို့ ယူဆတဲ့အခါ မှာဖြုတ်တယ်။ ဒီအချက် တွေအားလုံးက သမတရဲ့ အလုပ်မှမဟုတ်ဘဲ။ အခြေခံဥပဒေချိုး ဖောက်တယ် – မချိုးဖောက်ဘူးဆိုတာ အခြေခံဥပဒေဆိုင်ရာ တရား ရုံးက ပညာရှင်တွေနဲ့အကျိတ်အနယ် ငြင်းခုံဖြေရှင်းရတဲ့ကိစ္စဖြစ်တယ်။ နိုင်ငံတော်သစ္စာဖောက်တယ် မဖောက်ဘူး၊ ပုန်ကန် တယ် မပုန်ကန်ဘူး ဆိုတာကို သမတ တစ်ယောက်ထဲကနေ ဆုံးဖြတ်အတည်ပြုဘို့ မဟုတ်ဘူး။ ဒါ့ကြောင့် နအဖ ရဲ့ အခြေခံဥပဒေအောက်မှာ လွတ်လပ် တဲ့ တရားစီရင်ရေးဆိုတာ လုံးဝပြောလို့မရနိုင်ပါဘူး။"

**ဦးအောင်ထူး**

BLC **အထွေထွေအတွင်းရေးမှူး၊** 13/6/2007

# ENC ၏အမေရိက ခရီးစဉ်အောင်မြင်

ဒီမိုကရေစီအရေး ဖက်ဒရယ်ပြည်ထောင်စုတည် ဆောက်ရေးတွေအတွက်လှုပ်ရှားနေကြတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီ ENC ကကိုယ်စားလှယ်အချို့ဟာ အမေရိကန်ပြည်ထောင်စုကိုရောက်ရှိနေပြီး အမေရိကန် သမ္မတကတော်လော်ရာဘုရှ်နဲ့ အိမ်ဖြူတော်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းတွေကလည်း ENC ကိုယ်စားလှယ်အဖွဲ့ဟာ အမေရိကန်အထက်နဲ့အောက်လွှတ်တော်အမတ်တွေအပြင် အမေရိကန်နိုင်ငံခြားရေးဌာနက အရာရှိတွေနဲ့လည်းတွေ့ဆုံခဲ့ပါတယ်။ အမေရိကန်ခရီးစဉ်တွေမှာ ENC ထဲပါဝင်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန် ၊ ရခိုင် စတဲ့တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။

အခုလို သမ္မတကတော်နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံက တိုင်းရင်းသားတွေဆွေးနွေးတာ ဒါဟာပထမဆုံးအကြိမ်ဖြစ်ပါတယ်။အမေရိကန်သမ္မတကတော်က မြန်မာ့အရေးကို ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်ထားပါသလဲဆိုတာကို ENC အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျဲန်မုန်းဆာခေါင်းက အခုလိုပြောပါတယ်။

*"သမ္မတကတော်ကနေပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ ကိစ္စတွေကို* ***Hilight*** *လုပ်ပေးလိုက်ရင် နိုင်ငံတကာရဲ့အာရုံစူးစိုက်မှု အသင့်အတင့်ပိုရမယ်လို့မျှော်လင့်တယ်။ နံပါတ် ၂ အချက်ကတော့ လော်ရာဘုရှ်အနေနဲ့ အများကြီးကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြီးတော့ စိတ်အားထက်သန်စွာနဲ့ကူညီနေတာကိုတွေ့ရပါတယ်။ ဒီနှစ်ဆန်းပိုင်းမှာ သူမဟာဗမာပြည်ကိစ္စကို* ***Seminar*** *တခါလုပ်ပေးတယ်။ အခုလည်းဘဲ အထက်လွှတ်တော်ရော အောက်လွှတ်တော်ရောအမတ်တွေစုပြီးတော့ ဗမာပြည်ကော့ကပ်စ်တစ်ခု ဖန်တီးပေးနေပါတယ်။ ကျနော်တို့အတွက်ပိုပြီးအာရုံစူးစိုက်မှု၊ ပံ့ပိုးကူညီမှုရလိမ့်မယ်လို့မျှော်လင့်မိပါတယ်။"*

အခု ENC ကလာပြီး တိုင်းရင်းသားတွေ အနှစ် ၅၀ ကျော်ကြာရှိနေတဲ့ မပြီးသေးတဲ့ပြဿနာတွေ ဆွေးနွေးကြတယ်ဆိုတော့ တိုင်းရင်းသားအရေးကိုဘဲ အဓိကဆွေးနွေးကြတာလား၊ မြန်မာနိုင်ငံတခုလုံးရဲ့အရေးကိုကော ဆွေးနွေးခဲ့ပါသလား?

*"တိုင်းရင်းသားအရေးကတော့ အမြဲတမ်း အနှိပ်ကွပ်ခံနေရတဲ့ပြဿနာတစ်ခုဖြစ်တော့ ကျနော်တို့မကြာခဏဦးစားပေး မီးမောင်းထိုးပြီးပြောတာတော့ရှိပါတယ်။ ဒါပေမဲ့ ကျနော်တို့ လုပ်ဆောင်တဲ့နေရာမှာတော့ တိုင်းရင်းသားအရေးသက်သက်ကိုဘဲ ပြောတာမဟုတ်ပါဘူး။ ပြည်ထောင်စုတခုလုံးအရေး၊ဒီမိုကရေစီရရှိရေး ၊ တန်းတူရေး၊ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုထူထောင်ဖို့ကြိုးပမ်းရေး စတာတွေဖြစ်တဲ့အတွက် ကျနော်တို့လုပ်ဆောင်မှုအားလုံးဟာ ပြည်ထောင်စု တဝှမ်းလုံးရှိ ပြည်သူလူထုတရပ်လုံးအတွက်လုပ်နေတာဖြစ်တယ်ဆိုတာပြောချင်ပါတယ်။"*

အနှစ် ၅၀ ကြာတိုင်းရင်းသားအရေးကို ပြည်တွင်းမှာ မဖြေရှင်းနိုင်တဲ့အချိန်မျိုးမှာ အခုလို အမေရိကန်အထိ အကူအညီလာတောင်းတယ်ဆိုတော့ဘာကို အဓိက လုပ်ပေးစေချင်ပါသလဲ?

*"ကျနော်တို့ပြဿနာကို အမေရိကန်အပေါ် အားလုံးပုံချပြီးတော့ဖြေရှင်းပေးပါဆိုပြီး လာတာမဟုတ်ပါဘူး။ ကျနော်တို့ ပြည်ထောင်စုရဲ့အရေး၊ ပြဿနာကို ကျနော်တို့နိုင်ငံသားတွေကိုယ်တိုင်ဖြေရှင်းရမှာဖြစ်ပါတယ်။ အဲလိုဖြေရှင်းတဲ့နေရာမှာ သူတို့ကနေပြီးတော့ကူညီပံ့ပိုးပေးဖို့ဘဲဖြစ်ပါတယ်။ ဗမာပြည်အရေးကိစ္စကို နိုင်ငံတကာက ဆက်လက်ကူညီဖို့၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုပ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံတွေပါဝင်ဆွေးနွေးတိုင်ပင်တဲ့* ***InternationalConference*** *လိုဟာမျိုးတစ်ခုလုပ်ပေးဖို့ကျနော်တို့ပြောပါတယ်၊ ဘာလို့လဲဆိုတော့ တရုပ်နဲ့ ရုရှားတို့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ* ***UNSC*** *မှာ မြန်မာ့အရေးကို ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့တယ်ဆိုပေမဲ့ သူတို့အနေနဲ့ဗမာပြည်မှာ နိုင်ငံရေး၊ လူမှုရေးအကျပ်အတည်း အများကြီးရှိတယ်ဆိုတာကို ဝန်ခံခဲ့ပါတယ်။ အဲဒီအချက်ကိုယူပြီးတော့ ဒီအချိန်မှာ နိုင်ငံတကာအားလုံးပါဝင်တဲ့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေ အာဆီယံနိုင်ငံတွေပါတဲ့* ***Conference*** *တစ်ခုလုပ်ရင် ကောင်းမယ်လို့ကျနော်တို့ပြောတာဖြစ်ပါတယ်။"*




သမတ ကတော် လော်ရာဘုရှ်နှင့် တွေ့ဆုံစဉ်

"မကြာခင်ကလဲဘဲ **UN** က **Mr. Ibrahim Gambari** ကို ဗမာပြည် ဆိုင်ရာကိုယ်စားလှယ်အဖြစ် ထပ်ခန့်လိုက်တော့ **US** အနေနဲ့ **UN Channel** ကနေသွားဖို့ကိစ္စလဲ ကျနော်တို့ပြောတဲ့အထဲမှာ ဗမာပြည်ကိစ္စ ကို **UN** လမ်းကြောင်း ကနေသွားတာအကောင်းဆုံးဖြစ်တယ်ဆိုတာကို **Emphasize** လုပ်ပါတယ်။ ဘာလို့လည်းဆိုတော့ တရုပ်နဲ့ ရုရှား ကလည်းဘဲ **UNSG** ရုံးကနေပြီးတော့ ဒီကိစ္စကို ဖိအားပေးဆောင်ရွက်သင့်တယ်လို့ပြောခဲ့တာရှိပါတယ်။ အဲဒါကြောင့် **UN Channel** ကနေသွားရင်ကောင်းတယ်။ ပြီးတော့ နိုင်ငံတကာက ပါဝင်လာတာကောင်း တယ်။ အထူးသဖြင့် အိမ်နီးချင်း တရုတ်ပြည် ပါရင်ကောင်းတယ်။" ❑




ၵူၼ်းဝၢၼ်ႈၼမ့်လၢႆ (မွၵ်ႈ 30 ႁိူၼ်း) ၶိူင်,ဝၢၼ်ႈလွႆ ၼေးဝီင်းတၢင့်ယၢၼ်း၊ ယၢၼ်ၵႆၽႂ်ႈ,တူၵ်းၸူင်း 7–8 လၵ်း
ႁၢပ်,ၽၵ်းၶဝ်ပၢႆတၢင်းလူင်းၶၢႆတေႃ,ၵူၼ်းၵျႉမႆႉ တီႈတၢႈဝိုၼ်းၵိူင်း (လိူင်,ၵွင်,ဝၼ်းၵွၵ်,မိူင်းသူႈ မွၵ်ႈ 35 လၵ်း)။
လုၵ့်လိူမ်လဝ့်မိူင်းပႆ,လိူင်း ပၢႆတၢင်းႁိမ်း 3 လူဝ်ႈမူင်းလၢင်,ထိုင်တၢႈၸူင်း။
လၢႆးသူႈမၢၼ် (1966–2007) ထႆ,ႁၢင်ႈ




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org